# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၃၁)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နှစ်ရှည်သီးနှံ ရော်ဘာပင်များ ကေထောင်ချီစိုက်ပျိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စံနမူနာပြဆောင်ရွက် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး အထူးကြိုးပမ်းလုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် နယ်မြေခံ တပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ●




နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝိုင်းမော်မြို့နယ် အောင်ဂျာစံပြခြံအတွင်း စိုက်ပျိုးထားသည့် မက္ကဒေးမီးယား၊ လိုက်ချီး၊ ပျားလိမ္မော်နှင့် ခွံပွလိမ္မော်ပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာအသင်း အနိုင်ရဗိုလ်စွဲ တိုက်စစ်မှူးကျော်သူရနှင့် အသင်းခေါင်းဆောင် စိုးမြတ်မင်းတို့ ဂိုးသွင်းယူ

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

**ရန်ကုန် ဩဂုတ် ၂၉**

မလေးရှားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ယနေ့မြန်မာစံတော်ချိန် ည ၇နာရီ ၁၅ မိနစ်က မလေးရှားနိုင်ငံ ရှာအလမ်မြို့ရှိ ရှာအလမ်အားကစားကွင်း၌ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

***စာမျက်နှာ ၁၂ ကော်လံ ၁*** ✡



တိုက်စစ်မှူး ကျော်သူရ



အသင်းခေါင်းဆောင် စိုးမြတ်မင်း



**(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသွားသော မြန်မာအသင်းမှ အားကစားသမားများ ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။**

ဓာတ်ပုံ–အင်တာနက်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်)

# သီးနှံစိုက်စွမ်းအားတိုးတက်စေသည့် ငါ့သရောက်ရေလှောင်တမံ

နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားမြင့်မားလာရေးကို ရှေးရှုဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေ ရရှိရေးကိုလည်း တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

ငါ့သရောက် မြစ်ရေတင်စီမံကိန်း၊ ကျောက်တူးမြစ်ရေတင် စီမံကိန်း၊ လက်ပန်-ခြေပေါ် မြစ်ရေတင်စီမံကိန်း၊ လောကနန္ဒာ မြစ်ရေတင်စီမံကိန်း၊ မြကန်ရေလှောင်တမံတို့နှင့် ဆက်စပ်ပြီး ညောင်ဦးခရိုင် ရေရရှိရေးစီမံကိန်းတစ်ခုအဖြစ် ၁၈၈ခုမြောက် ငါ့သရောက်ရေလှောင်တမံကို ဩဂုတ်လ ၂၀ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

ငါ့သရောက် ရေလှောင်တမံတည်ရှိသည့်နယ်မြေ၏ ကျေးရွာအုပ်စုသုံးခုတွင် မူလက ပထမတစ်သီးမိုးမြေပဲ ဧက၁၀၀၀၊ မိုးလယ်တွင် နှမ်းကို ဧက၁၀၀၀ စိုက်ပျိုးခဲ့ကြသည်။ ယခု ရေလှောင်တမံက ရရှိလာသည့် ရေဖြင့် သီးနှံစိုက်ဧက ၄၀၀၀အထိ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ မူလဧက ၂၀၀၀တွင် စုစုပေါင်းသီးနှံစိုက်ဧကကို နှစ်ဆတိုး၍ စိုက်ပျိုးနိုင်မည်ဖြစ်ကာ သီးနှံစိုက်စွမ်းအား ၂၀၀ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံအနှံ့ စိုက်ပျိုးရေရရှိရေး အစီအမံများချမှတ်ပြီး အကောင်အထည်ဖော်ပေးလျက်ရှိခြင်းကြောင့် တစ်နိုင်ငံ လုံးတွင် ဆည်ရေသောက်လယ်ယာမြေများ တိုးတက်အကျိုးခံစားနေရပြီဖြစ်သည်။ ယခုအခါ ဆည်ရေလှောင်တမံနှင့် ရေထိန်းတံခါးစီမံကိန်း ၁၈၈ခုကြောင့် လယ်ယာမြေ ဧကနှစ်သန်း ခြောက်သိန်းကျော်အတွက် အကျိုးပြုနိုင်လျက်ရှိသည်။

ထို့ပြင် အတိတ်ကမရှိခဲ့သည့် မြစ်ရေတင်စီမံကိန်း ၂၉၃ခု တိုးတက်ဖြစ်ထွန်းလာမှုကလည်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြုပေးနေသကဲ့သို့ ဒေသစိမ်းလန်းစိုပြည်မှုကိုပါ အကျိုးဖြစ်ထွန်းစေခဲ့သည်။

စိုက်ပျိုးရေရရှိရေး တိုးမြှင့်အကောင်အထည်ဖော်လာနိုင်သည်နှင့်အမျှ ၁၉၈၈-၈၉ ခုနှစ်က ရေသွင်းစိုက်ဧရိယာဧက ၂ဒသမ၈၉သန်းသာရှိခဲ့ရာမှ ယခုအခါ ဧက၇ဒသမ၃သန်းကျော် ရှိနေပြီဖြစ်သည်။

ယခုကဲ့သို့ ငါ့သရောက်ရေလှောင်တမံအပါအဝင် နိုင်ငံတစ်ဝန်း ရေရရှိရေးစီမံကိန်းများ တည်ဆောက်ပေးမှုကြောင့် သီးနှံစိုက်စွမ်းအား တိုးတက်လာပြီး တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလျက်ရှိပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သံဝေဇနီယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# အိန္ဒိယနှင့် နီပေါသို့ ဘုရားဖူးအဖွဲ့များစေလွှတ်ရေး သာသနာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ဆောင်ရွက် ကိုယ်စိတ်နှစ်ပါးရွှင်လန်းစွာဖူးမြော်နိုင်ရေးစီစဉ်

နေပြည်တော် ဩဂုတ် ၂၉

**သံဝေဇနီယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ၂နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ရှေးဦးစွာ ညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

**အမှာစကားပြောကြား**

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သံဝေဇနီယလေးဌာန တည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘုရားဖူးအဖွဲ့များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းစွာဖြင့် သွားရောက် ဖူးမြော်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးအဖွဲ့များအား လိုက်ပါပို့ဆောင်ရေးနှင့် သွားလာနေထိုင် စားသောက်မှုဆိုင်ရာများကို အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက သံဝေဇနီယလေးဌာန တည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များစေလွှတ်ရေး နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က ဘုရားဖူးအဖွဲ့များစေလွှတ်ရေးနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံကူး လက်မှတ်ရရှိရေး၊ ပြည်ပထွက်ခွာမှုစီစဉ်ရေးဆပ်ကော်မတီ၊ ဘုရားဖူးအဖွဲ့များ စုစည်းဖွဲ့စည်းပေးရေး ဆပ်ကော်မတီ၊ လေယာဉ်လက်မှတ်စီစဉ်ရေးနှင့် ပို့ဆောင် ရေးဆပ်ကော်မတီ၊ ဘုရားဖူးအဖွဲ့ ခရီးဆောင်ပစ္စည်းစစ်ဆေးရေးဆပ်ကော်မတီ၊ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးအဖွဲ့များ လိုက်ပါပို့ဆောင်ရေး၊ သွားလာနေထိုင် စားသောက်မှုစီစဉ်ရေး ဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ တို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**



# ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး နည်းစနစ်များနှင့်အညီ စနစ်တကျလေ့ကျင့်သင်ကြား

ရန်ကုန် ဩဂုတ် ၂၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့နံနက် ၈နာရီက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ ထောက်ကြန့်ကလေးပြုစုရေးဌာနသို့ရောက်ရှိရာ ရှေးဦးစွာ အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာအေးက ကလေးပြုစုရေးဌာန၏ နောက်ခံသမိုင်း၊ မိဘမဲ့ကလေးငယ်များအား ပြုစုထားရှိမှု၊ ကျန်းမာရေး စောင့်ရှောက်ပေးမှုတို့ကို ရှင်းလင်းတင်ပြပြီး ခေတ္တညွှန်ကြားရေးမှူးဦးစိန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးက မွေးစမှ ငါးနှစ်အတွင်းရှိ ကလေးသူငယ်များအား ပြုစုရာတွင် ရှေးဦးကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ နည်းစနစ်များနှင့်အညီ စနစ်တကျ ပြုစုလေ့ကျင့်သင်ကြားပေးသွားရန်၊ ကျွေးမွေး၊ ပြုစုစောင့်ရှောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအပြင် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုရှိအောင် ပြုစုစောင့်ရှောက်ပေးရန်တို့ကို မှာကြားသည်။**

ယင်းနောက် ဝန်ကြီးသည် ကလေးငယ်များ ပုံဆွဲခြင်းဖြင့် သင်ယူခြင်းနှင့် ကစားခြင်းဖြင့်သင်ယူခြင်းများ၊ စာသင်ခန်းများ၊ ထမင်းစားခန်းများနှင့် ကလေးကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ကျောင်းအုပ် ဒေါ်စန်းစန်းတင့်က မူလတန်းကြိုကျောင်း၏ နေ့စဉ်သင်ကြား လေ့ကျင့်ပေးမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးမိသားစုက မင်္ဂလာဒုံ မူလတန်းကြိုကျောင်းသို့ အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဒေါ်စန်းစန်းတင့်က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနအောက်ရှိ ရေဆိပ်၊ လေဆိပ် လူဝင်မှုစစ်ဆေးရေးအဖွဲ့ တာဝန်ခံအရာရှိများက ရေဆိပ်၊ လေဆိပ်လူဝင်လူထွက် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၃၀-၈-၂၀၀၆**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ၉။ အပိတ်နှုတ်ဆက်စကား

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၁၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၂၀)

● ရှေ့ဖုံးမှ

ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးရေး၊ ရော်ဘာပင်များကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စံနမူနာပြ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်ရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးခြံသို့ရောက်ရှိကြရာ ခြံတာဝန်ခံ ဗိုလ်မှူးတက်ထွန်းအောင်က လျာထားစိုက်ဧက ၅၀ တွင် ခြံစည်းရိုးကြက်ဆူပင်များ အပြည့်အဝစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးစောသော်တူထူးက လေယာဉ်ပြေးလမ်းအား ကျောက်ကတ္တရာ ပေ ၃၀၀ x ပေ၁၀၀ တိုးချဲ့ခြင်းနှင့် အမာခံလမ်းပခုံး ပေ ၃၀၀ x ၂၅ ပေ လမ်းနှစ်ဖက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုးချဲ့လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ မော်တော်ယာဉ်များဖြင့် လေယာဉ်ပြေးလမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးသည်။

မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းသည် ယခင်က အရှည်ပေ ၆၀၀၀ x ပေ ၁၀၀သာ ရှိခဲ့ရာမှ ယခုအခါ လေယာဉ်ပြေးလမ်း မြောက်ဘက်သို့ အရှည်ပေ ၁၀၀၀ တိုးချဲ့၍ ပေ ၇၀၀၀ x ပေ ၁၀၀ လမ်းအဖြစ် လျာထားဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

## တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ မြို့နယ်စည်ပင်သာယာရေးရုံးရေဆိပ်၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## ငါးမျိုးစိုက်ထည့်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဧရာဝတီမြစ်အတွင်းသို့ ငါးသန်ကောင်ရေ သိန်း ၅၀ ကို မျိုးစိုက်ထည့်ပေးကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပရာ မဂ်လာမဏ္ဍပ်အနီး၌ ခင်းကျင်းပြသထားသည့် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗလမင်းထင်တံတားသို့ ရောက်ရှိကြရာ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ ၁၅မှ လက်ထောက်အင်ဂျင်နီယာ ဦးသက်လင်းက ဗလမင်းထင်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## တံတားပြုပြင်မှုကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တံတားထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး တံတား၏ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းပြီးစီးမှုနှင့် ဧရာဝတီမြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာအနီး ဗန်းမော်–မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် ၄၈၂ သို့ ရောက်ရှိကြပြီး စက်ယန္တရားဖြင့် လမ်းပခုံးပြုပြင် မြေညှိနေမှုနှင့် လမ်းပိုင်းပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နန့်ပြင်းခချောင်းတံတားအနီး ဗန်းမော်–မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၄၈၀/၇)သို့ ရောက်ရှိကြရာ မြစ်ကြီးနားလမ်း တိုးတက်ပြုပြင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ ဒုတိယစီမံကိန်း အင်ဂျင်နီယာ ဦးတင်မြင့်က ဗန်းမော်–မြစ်ကြီးနားလမ်း၏ မူလအခြေအနေနှင့် တိုးချဲ့ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းပိုင်းအလိုက် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ မြစ်ကြီးနား–ဗန်းမော် လမ်းတိုးတက်ပြုပြင်မှု လုပ်ငန်းသည် လမ်းအရှည် မိုင် ၁၁၀ ရှိသည့်အနက် မြစ်ကြီးနားမှ ဒဘတ်ယန်အထိ ၂၄ မိုင်ကို အကျယ် ၂၈ ပေရှိ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပြီးဖြစ်သည်။ ၎င်းမှ ဒေါ့ဖုန်းယန်မြို့အထိ ၅၄/၆ မိုင်မှ ကျောက်ချောစီလမ်းဖြစ်ပြီး ယင်းမှ ၇ မိုင် ၃ ဖာလုံအရှည် မြေသားလမ်းကို တိုးချဲ့ပြုပြင်ပြီးဖြစ်၍ မူလကတ္တရာလမ်း မိုင် ၃၀ ကို လမ်းအကျယ် ၂၈ ပေအထိ တိုးချဲ့ပြုပြင်လျက်ရှိကာ ၃ မီတာမှ ၈ မီတာအရှည်ရှိ တံတား ၁၁၅ စင်းကို တည်ဆောက်ပြီးကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တိုးတက်ပြုပြင် တည်ဆောက်ပြီးစီးသွားသည့် ဗန်းမော်–ဝိုင်းမော်လမ်းပိုင်း၏ ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ဒေသခံပြည်သူများ၏ မိုးစပါးစိုက်ခင်းများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ခါးရိုကျေးရွာရှိ ခါးရိုကွင်း ဧက ၂၀၀ စိုက်ခင်းတွင် ဆင်းဧကရီ၃ မိုးစပါးစိုက်ပျိုးထားရှိမှု၊ ခတ်ချိုကျေးရွာရှိ ခတ်ချိုစပါးဧက ၁၄၅၀ မိုးစပါး စံပြစိုက်ခင်းအခြေအနေ၊ ရွှေညောင်ပင်ကျေးရွာရှိ ကွင်းအမှတ် ၁၀၁ မဒါးအနောက်ကွင်း နယ်မြေခံတပ်ရင်း၏ မိုးစပါးဧက ၈၀ စိုက်ခင်းအခြေအနေနှင့် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်၊ ခြံစည်းရိုးကြက်ဆူပင်နှင့် စားဖိုဆောင်သုံး သီးနှံပင်များအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၄၆၀/၅) ဒဘတ်ယန်ကျေးရွာအနီးရှိ ကျောက်စီလမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

## နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် အောင်ဂျာကျေးရွာရှိ ကချင်အထူးဒေသ(၂)၏ ဇဟိုစိုက်ပျိုးမွေးမြူရေးနှင့် သစ်တောထိန်းသိမ်းရေးဌာန စံပြစိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကချင်အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စံပြခြံ ဒုတိယတာဝန်ခံ ဦးဘရန်ဆိုင်းက အောင်ဂျာစိုက်ပျိုးရေးခြံ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်ခံ ဦးဆင်ဝါးနော်က မဒီးယန် ဥယျာဉ်ခြံအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြ၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ခွင့်ပြုချက်နှင့်အညီဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နှစ်ရှည်သီးနှံ ရော်ဘာပင်များကို ဧကထောင်ချီစိုက်ပျိုးရေး၊ တည်းနှင့် ထောပတ်ပင်များပါ တိုးချဲ့စိုက်ပျိုးရေး၊ ကျွန်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော ခွင့်ပြုချက်များနှင့်အညီ ဆောင်ရွက်ရေး၊ လိုအပ်သော အကူအညီများကို တင်ပြတောင်းခံဆောင်ရွက်ရေးနှင့် စက်သုံးဆီအတွက် ကြက်ဆူပင်များပါ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ၁၄၃ ဧကရှိ အောင်ဂျာစံပြခြံအတွင်း စိုက်ပျိုးထားသည့် မက္ကဒေးမီးယား၊ လိုက်ချီး၊ ပျားလိမ္မော်နှင့် ခွဲပွလိမ္မော်ပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## တိုးတက်စိုက်ပျိုး

ဆက်လက်၍ ဧက ၃၀၀ ကျော်ရှိ မဒီးယန်ဥယျာဉ်ခြံသို့ သွားရောက်၍ ခြံအတွင်းစိုက်ပျိုးထားသည့် သီးနှံပင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ရှိစိုက်ပျိုးထားသည့် သရက်၊ ၎က်ပျောပင်ကိုသာမက တည်းပင်၊ ထောပတ်ပင်များကိုပါ တိုးတက်စိုက်ပျိုးရန် မှာကြားသည်။

ယင်းနောက် မဒီးယန်ဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားပြီး သရက်၊ လိုက်ချီး၊ လိမ္မော်နှင့် ပျားလိမ္မော်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

## စံနမူနာပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမသို့ ရောက်ရှိပြီး အရာရှိစစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြဖြစ်အောင်ဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံပင်များကို တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

## ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲထွန်းအောင်က မြို့နယ်၏ အချက်အလက်များနှင့် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သည် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များကြားရှိ ဒေသဖြစ်၍ အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်တာများ ကောင်းမွန်အောင် မြို့နယ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် အထူးကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

## ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဗန်းမော်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်ညိုနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆောက်လုပ်ဆဲ ဆေးရုံအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်နှင့် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ဒေါ့ဖုန်းယန်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပြည်နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ ကောဝိဒအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

## ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုးမောက်မြို့နယ် မြို့သစ်တပ်နယ်သို့ရောက်ရှိကြပြီး တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ် ဝိုင်းဝန်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်ကျေးရွာရှိ စံပြ မဟာသဒ္ဓမ္မ ဇောတိကာရုံကျောင်းသို့ သွားရောက်၍ ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဂန္ဓမာအား ဖူးမြော်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များက သင်္ကန်းအစုံရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



**ပုဗ္ဗန်တောင်မြို့နယ် အမှတ်(၉)ရပ်ကွက် ရေကျော်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် (၂၀၀၅/၂၀၀၆) နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ်၂၇ ရက်က ရပ်ကွက်ရုံးခန်းမ၌ကျင်းပရာ လီမိတက်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဦးဆန်းထွန်း (နယူးပုံနှိပ်တိုက်) အမှာစကားပြောကြားစဉ်။** (၃၅၂)



# ဓမ္မကထိကဆရာတော်များအား ဂုဏ်ပြုပူဇော်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်း၏ အကြိမ်(၈၀)မြောက် အကျိုးတော်ဆောင် ဓမ္မကထိကဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် အာစိဏ္ဏကံ ငွေပဒေသာပင်အလှူရှင်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက အသင်းတိုက်တည်ရာ အမှတ် ၈၉ အထက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

## ရွတ်ဆိုပူဇော်

ရှေးဦးစွာ ဒဂုံမြို့နယ် သာသနာ့တံခွန်စာသင်တိုက် သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ အသင်းကြီး၏ အကျိုးဆောင်ချုပ် ဦးအေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး နာယက ဓမ္မ ဃောသက ဦးလှတင်က ထုတိထောမနာ ဂါထာဖြင့်လည်းကောင်း၊ ဦးထွန်းငွေက ဓမ္မကထိက ပူဇနိယ ပတ္ထနာဖြင့်လည်းကောင်း ရွတ်ဆိုပူဇော်ကြသည်။

## အမျှပေးဝေ

ထို့နောက် ဆန်လှူအသင်းကြီး၏ နာယကများနှင့် အလုပ်အမှုဆောင်များက ဓမ္မကထိက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဒဂုံမြို့နယ် သာသနာ့တံခွန်စာသင်တိုက် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌနှင့် အလုံမြို့နယ် ကွင်းကျောင်းစာသင်တိုက် ဓမ္မာစရိယ ဆရာတော် ဦးရာဇိန္ဒတို့က ဩဝါဒတရားတော်များချီးမြှင့်ကြသည်။ ဆက်လက်၍ ရွှေညဝါပညာ့ဗိမာန်ဆရာတော် ဓမ္မာစရိယ ဂဏဝါစက ဓမ္မကထိက ဘဒ္ဒန္တ ပညာသီတက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေသည်။

**(က–ပ)**



# ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှု ထိန်းချုပ်ရေး ဆော်ဒီဘုရင်ဆော်ဩ

ကူဝိတ်စီးတီး ဩဂုတ် ၂၉

**ရေနံဈေးနှုန်းမြင့်တက်နေသည့် ကာလတွင် ရေနံဈေးနှုန်းထိန်းချုပ်ကြရေးအတွက် ဆော်ဒီအာရေဗျ ဘုရင် အဗ္ဗဒူလာဘင်အဘဒူလ်အဇစ်က ဩဂုတ် ၂၆ ရက်၌ ဆော်ဩလိုက်သည်။**

ရေနံဈေးနှုန်းမြင့်မားနေသဖြင့် အကျိုးအမြတ်များ ရရှိနေသော်လည်း ဆော်ဒီအာရေဗျ နိုင်ငံအနေဖြင့် ရေနံဈေးနှုန်းထိန်းချုပ်ရေးကိုဆန္ဒရှိနေကြောင်း ဆော်ဒီအာရေဗျ နိုင်ငံပိုင် အာရုတ်အယ်အာဆတ် သတင်းစာက ဆော်ဒီအာရေဗျဘုရင်၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

ယခုအခါရေနံကိုပေါ်များစွာ ထုတ်လုပ်နေကြောင်း၊ ရေနံထုတ်လုပ်မှု မလျော့ကြောင်း၊ သို့ရာတွင် ရေနံဈေးနှုန်းများကမ္ဘာ့ဈေးကွက်၌ မြင့်မားနေကြောင်း၊ ယင်းမှာ တရားနည်းလမ်း မကျကြောင်း၊ ရေနံဈေးနှုန်းမြင့်မားနေခြင်းအပေါ် မိမိပဟေဠိဖြစ်ရကြောင်း ဆော်ဒီဘုရင်က ပြောကြားသည်။

မိမိတို့ ဆော်ဒီအာရေဗျနိုင်ငံသည် ရေနံဈေးနှုန်းထိန်းချုပ်ရေးအပေါ်တွင် အခြေခံရပ်တည်လျက်ရှိနေကြောင်းလည်းငင်းက ဆက်လက်ပြောကြားသည်။

အီရန်နျူကလီးယားပြဿနာနှင့် လာမည့်သီတင်းပတ်တွင် မက္ကဆီကို ပင်လယ်ကွေ့သို့ ဖြတ်သန်း တိုက်ခိုက်မည့် မုန်တိုင်းသတင်း၏ ခြိမ်းခြောက်မှုကြောင့် ဩဂုတ် ၂၅ ရက်တွင် ရေနံ ဈေးနှုန်းများတက်ခဲ့ကြောင်း သိရသည်။



ဆော်ဒီဘုရင် အဗ္ဗဒူလာဘင်အဘဒူလ်အဇစ်

ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်ပြီး တစ်နေ့လျှင် ရေနံစည် ၉ ဒသမ ၅ သန်းခန့် ထုတ်လုပ်လျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဂရိနိုင်ငံ၌ ရေလွှမ်း

**ဂရိနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပေါ်နေသည်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## ဘဂ္ဂဒက်၌ ပေါက်ကွဲမှုများဖြစ်ပွား

**ဘဂ္ဂဒက် ဩဂုတ် ၂၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ပြင်းအားကြီးသော ပေါက်ကွဲမှုဖြစ်ပွားရာ ၁၃ ဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဒဏ်ရာရရှိ**

ဘဂ္ဂဒက်မြို့လယ် ဟိုတယ်တစ်ခု အနီးတွင် ထိုနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲက မီနီဘတ်စ်ပေါ်တွင်ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားသည့်အတွက် သေဆုံးသူ ၁၁ ဦးထိ ရှိသွား ပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့သည်။

**ပျက်စီး**

ယင်းပေါက်ကွဲမှုကြောင့် ထုတ်လုပ်ရေးဌာနနှင့် လူနေအဆောက်အအုံများ ပျက်စီးသွားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေး ဗီယက်နမ်နိုင်ငံက စီစဉ်ဆောင်ရွက်နေ

ဟနွိုင်း ဩဂုတ် ၂၉

**ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တာကာလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာဘီလီယံ ၃၀ နှင့် ၃၄ ဘီလီယံရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ဗီယက်နမ်နိုင်ငံထုတ် အင်ဗက်စ်မင့်သတင်းစာတွင် ဩဂုတ် ၂၈ ရက်၌ ဖော်ပြသည်။**

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရေး ဆောင်ရွက်ရာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရရှိနိုင်သည့် နေရာများမှာ သတင်းပြန်ကြားရေးနည်းပညာ၊ အီလက်ထရွန်နစ်၊ မိုက်ခရိုအီလက်ထရွန်နစ်၊ ဇီဝနည်းပညာ၊ အခြေခံနည်းပညာ၊အခြားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ပညာရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများရရှိအောင် ဆောင်ရွက်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်ပထမရှစ်လတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံခန့်ရရှိရန် မျှော်မှန်းထားသည်ဟု ဗီယက်နမ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဌာနမှ သတင်းထုတ်ပြန်သည်။

လာမည့်နှစ်တွင် ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံ ပိုမိုရရှိမည်ဟု မျှော်မှန်းထားသည်။ ထို့အပြင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအသစ်အဖြစ် အမေရိကန်ဒေါ်လာ ငါးဘီလီယံနှင့် ခြောက်ဘီလီယံအကြားရရှိရန်လည်း မျှော်မှန်းထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း**
**နိုင်ငံတကာ သတင်းများ**



အီကွေဒေါနိုင်ငံ ဂူရာကွီလ်မြို့ နေအိမ်၌ ဩဂုတ် ၂၇ရက်က ကွယ်လွန်သွားသည့် အသက် ၁၁၆ နှစ်အရွယ်ရှိ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီး မာရီရာအက်စတာ ဒီကာပိုဘီလာအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# ပျက်စီးသွားသော တံတား ၁၅ စင်း ပြုပြင်ရေး ပြင်သစ်စစ်အင်ဂျင်နီယာများ လက်ဘနွန်သို့ ရောက်ရှိ

ဘေရွတ် ဩဂုတ် ၂၉

**၃၄ ရက်ကြာ အစ္စရေး–ဟစ်ဇ်ဘိုလာတိုက်ပွဲအတွင်း ပျက်စီးသွားသောတံတားများ ပြုပြင်ရေးတွင် ကူညီရန် ပြင်သစ်အင်ဂျင်နီယာ ၂၄၀ ပါသည့်ပထမအသုတ်သည် ဩဂုတ် ၂၇ ရက်က ရာဖစ်ဟာရီရီ နိုင်ငံတကာ လေဆိပ်သို့ ရောက်ရှိလာကြောင်း လက်ဘနွန်သတင်းစာများက ဖော်ပြသည်။**

အစ္စရေးလေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော လက်ဘနွန်နိုင်ငံတစ်ဝန်းမှ တံတား ၁၅ စင်းကို လက်ဘနွန်စစ်တပ်ကတည်ဆောက်ရာတွင် ပြင်သစ်စစ်သားများက ကူညီမည်ဖြစ်သည်။

**လုပ်ကိုင်ကြမည်**

နောက်ထပ် ပြင်သစ်စစ်သား ၂၄၀ တို့လည်း ရောက်ရှိလာကြဦးမည်ဖြစ်ကြောင်း၊ ပြင်သစ်စစ်သားများသည် ပထမဆုံး ဘေရွတ်မြို့တော် တောင်ဘက် ဒါမူဆိပ်ကမ်းမြို့သို့ သွားရောက်လုပ်ကိုင်ကြမည် ဖြစ်ကြောင်း ပြင်သစ်စစ်ဘက်အရာရှိတစ်ဦးက ပြောဆိုသည်။

**အကျိုးမဝင်**

အဆိုပါ ပြင်သစ်စစ်သားများသည် လက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ (ယူနီဖီး)မှ မဟုတ်သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၇၀၁ အရ စေလွှတ်သည့်နိုင်ငံတကာတပ်ဖွဲ့တွင်လည်း အကျုံးမဝင်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် ပျက်စီးသွားသော တံတားတစ်စင်းကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# အိန္ဒိယမြောက်ပိုင်း၌ ရေသိုလှောင်ကန်ကြီးပြိုကျ ကျေးရွာသား ၄၅ ဦးသေဆုံး၊ ၃၀ ဒဏ်ရာရရှိ

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ရာဂျက်သန်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဩဂုတ် ၂၇ရက်က ရေသိုလှောင်ကန်ကြီးပြိုကျမှုကြောင့် လူအနည်းဆုံး ၄၅ဦး သေဆုံးပြီး ၃၀ ခန့်ဒဏ်ရာရခဲ့ကြောင်း စီအင်န်အင်န်–အိုင်ဘီအင်န် သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

**ပြောကြား**

ဖြစ်ပွားမှုမှာ လူ၂၀၀ ခန့်သည် အဆိုပါ ရေသိုလှောင်ကန်ပေါ်တွင် တက်ထိုင်ကာ ရိုးရာပွဲတော်အခမ်းအနားတစ်ခုကို ကြည့်ရှုနေစဉ် ရေလှောင်စင်ကြီးပြိုကျခဲ့ခြင်းဖြစ်သည်ဟု စီအင်န်အင်န် –အိုင်ဘီအင်န် သတင်း၌ ဖော်ပြသည်။

ထိုဖြစ်ရပ်မှာ မတော်တဆဖြစ်ပြီး ရေလှောင်စင်ကြီးပြိုကျမှုကြောင့် ရေလှောင်ကန်မှ ရေများအတွင်း လူအများအပြား နစ်မြုပ်သေဆုံးပြီး အချို့မှာ ကျိုးပဲ့နေသော ရေလှောင်စင်တိုင်များနှင့်ရိုက်မိပြီး သေဆုံးကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖြစ်ပွား**

အခင်းဖြစ်ပွားသော ကျေးရွာမှာ ရာဂျက်သန်ပြည်နယ် မြို့တော် ဂျေပူရာမြို့မှ ၂၂၅ ကီလိုမီတာဝေးသော ကျေးရွာ၌ ဖြစ်ကြောင်းသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

30-8 (04).p65 1 8/30/06, 1:42 AM

# အခွန်အခပေးဆောင်ရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီနှစ်ခုအား ချဒ်သမ္မတ အိုင်းဒရစ်ဒေဘီက နိုင်ငံမှ နှင်ထုတ်

ယောင်ဒီ ဩဂုတ် ၂၉

**ချဒ်သမ္မတ အိုင်းဒရစ်ဒေဘီက အမေရိကန်ရှေဗ်ရွန်ကုမ္ပဏီ ချက်ဗရွန်နှင့် မလေးရှားမှ ပက်ထရိုနက်ကုမ္ပဏီများအား သတ်မှတ်စည်းကမ်းနှင့်အညီ အခွန်အခပေးဆောင်ရန် ပျက်ကွက်ခဲ့သဖြင့် ၎င်းနိုင်ငံမှ ၂၄နာရီအတွင်း ထွက်ခွာရန် အမိန့်ပေးလိုက်ကြောင်း မြို့တော်ဒင်ဂျမီးနားမှလာသော သတင်းများတွင် ဖော်ပြသည်။**

အဆိုပါ ကုမ္ပဏီနှစ်ခုသည် အခွန်အခပေးဆောင်ရန် ဩဂုတ် ၂၇ရက်က ပျက်ကွက်ခဲ့မှုကြောင့် နိုင်ငံမှ ထွက်ခွာရမည်ဖြစ်ကြောင်း ဒေဘီက ယင်းကုမ္ပဏီများနှင့် စပ်လျဉ်းသည့် အစိုးရအစည်းအဝေး၌ ပြောကြားလိုက်သည်။

**ရှာဖွေ**

ချဒ်နိုင်ငံအနေဖြင့် အခြားကုမ္ပဏီနှစ်ခုနှင့် သဘောတူမှုမရမီ အိတ်ဇ်ဇွန်ကုမ္ပဏီနှင့်သာလျှင် ရေနံရှာဖွေရေးလုပ်လိမ့်မည်ဖြစ်ကြောင်း ဒေဘီက ပြောကြားသည်။

ယင်းနိုင်ငံ၌ အမေရိကန်မှ အိတ်ဇ်ဇွန်မိုဘိုင်း၊ ချတ်ရွန်နှင့် ပက်ထရိုနက်ကုမ္ပဏီများပူးပေါင်း၍ရေနံရှာဖွေထုတ်လုပ်ခြင်းများ လုပ်ကိုင်လျက်ရှိသည်။

**ပိုင်ဆိုင်ထား**

အဆိုပါ ပူးပေါင်းကုမ္ပဏီတွင် ပက်ထရိုနက်က၃၅ရာခိုင်နှုန်း၊ချတ်ရွန်က ၂၅ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး အိတ်ဇ်ဇွန်ကုမ္ပဏီက ၄၀ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည်။

**တင်ပို့**

ယင်းပူးပေါင်းကုမ္ပဏီက ချဒ်နိုင်ငံမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂၅၀၀၀၀ထုတ်လုပ်လျက် ကင်မရွန်းကမ်းခြေသို့ တင်ပို့လျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယန်ချွမ်ပြည်နယ်တွင် အပူချိန်မြင့်တက်၍ သောက် သုံးရေပြတ်လပ်မှုကြောင့် ဒေသခံများအားရေကားများဖြင့် သောက်သုံးရေဖြန့်ဝေ ပေးနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ထိုင်းမြောက်ပိုင်း၌ မိုးသည်းထန်ပြီးမြေပြို ရဟတ်ယာဉ်ဖြင့် အရေးပေါ်ကယ်ဆယ်ပေး

**ဗန်ကောက် ဩဂုတ် ၂၉**

ထိုင်းနိုင်ငံမြောက်ပိုင်း နန်ပြည်နယ်တွင် ဩဂုတ် ၂၆ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာတစ်ရွာ၌ မြေပြိုခဲ့ရာ ကျေးရွာသား ၅၅၀ကျော်ကို ရဟတ်ယာဉ်များဖြင့် အရေးပေါ်ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

**ရွှေ့ပြောင်းပေး**

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ သွမ်ချန်ခရိုင်ရှိ နမ်ဖီကျေးရွာတွင် မြေပြိုမှုကြောင့် နေအိမ်ခုနစ်လုံး ပျက်စီးခဲ့ရပြီးနောက် ကျေးရွာသား ၃၆၀ခန့်ကို ရဟတ်ယာဉ်များဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

တစ်ဖန် ဘန်နမ်ဖရိုကျေးရွာတွင်လည်း မြေပြိုမှုကြောင့် ကျေးရွာသား ၁၉၂ဦးခန့်ကို ရဟတ်ယာဉ်များဖြင့် ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ထိုင်းမီဒီယာများက ဖော်ပြသည်။

**အကူအညီပေး**

နန်ပြည်နယ်အာဏာပိုင်များအနေဖြင့် အဆိုပါ ကျေးရွာသားများအား စာသင်ကျောင်းနှစ်ကျောင်းတွင် နေရာချပေးထားပြီး လိုအပ်သည့် အကူအညီများပေးလျက်ရှိသည်။ ထိုကျေးရွာသားများမှာ မိုးရွာသွန်းမှု ရပ်ဆိုင်းသည်အထိ ရက်အနည်းငယ်ကြာ အဆိုပါ စာသင်ကျောင်းများ၌ နေထိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယကဂျုံတန်ချိန်နှစ်သန်း အခွန်လွတ်တင်သွင်းမည်

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယအစိုးရသည် ပြည်သူတို့အား ဖြန့်ဖြူးခြင်းစနစ် (ပီဒီအက်စ်) အကောင်အထည်ဖော်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဂျုံတန်ချိန်နှစ်သန်းကို ပြည်တွင်းသို့အခွန်ကင်းလွတ်စွာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ပီတီအိုင်သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျုံတန်ချိန် နှစ်သန်းကိုအိန္ဒိယနိုင်ငံစားနပ်ရိက္ခာကော်ပိုရေးရှင်းက တာဝန်ယူတင်သွင်းမည်ဖြစ်ပြီး ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးဆောင်ရွက်မည်ဖြစ်သည်။

ဂျုံများကို အိန္ဒိယနိုင်ငံရှိ ချင်းနိုင်၊ တူတီကိုရင်၊ ကိုချင်းနှင့်ဗီဆာခါပါတနန်ဆိပ်ကမ်းများမှ တစ်ဆင့်တင်သွင်းမည်ဖြစ်သည်။ ပြည်ပမှ တင်သွင်းမည့်ဂျုံများအပေါ် အခွန်ကင်းလွတ်မှုကို ဩဂုတ် ၁၄ ရက်မှ စတင်ကြောင်း အိန္ဒိယဘဏ္ဍာရေး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ အိန္ဒိယအစိုးရအနေဖြင့် အခွန်ကင်းလွတ်စွာ တင်သွင်းမည့် ဂျုံ တန်ချိန်နှစ်သန်း၏ ဈေးနှုန်းကိုလည်း ကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာနက်စတိုမုန်တိုင်းကြောင့် ဖလော်ရီဒါပြည်နယ်၌ အရေးပေါ်ကြေညာ

**ဝါရှင်တန် ဩဂုတ် ၂၉**

အပူပိုင်းမုန်တိုင်း အာနက်စတိုသည် အမေရိကန်ပြည်ထောင်စု အရှေ့တောင်ပိုင်း ဖလော်ရီဒါပြည်နယ်အတွင်း ဝင်ရောက်နိုင်သည့်အတွက် ဩဂုတ် ၂၇ ရက်က အရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားရသည်ဟု မီဒီယာများက ဖော်ပြသည်။

**အားကောင်းလာနိုင်**

အာနက်စတိုမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအဖြစ်သို့အားလျော့ မသွားမီ ဟာရီကိန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်သည်ဆို၏။

**ဝင်ရောက်မည်မျှော်လင့်**

အာနက်စတိုမုန်တိုင်းသည် ဟေတီနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့ တွင် တနင်္ဂနွေနေ့က မိုးသည်းထန်စွာ ရွာသွန်းချစေပြီး၊ ကျူးဘားနိုင်ငံကို ဖြတ်ကာ ဩဂုတ် ၂၉ ရက် စောစောပိုင်းတွင် ဖလော်ရီဒါပြည်နယ်သို့ ဝင်ရောက်မည်ဟု မျှော်လင့်ရသည်ဟုဆို၏။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# နယူးယောက်၌ မူးယစ်ရမ်းကားပစ်ခတ်မှု တစ်ဦးသေဆုံး၊အများအပြားဒဏ်ရာရ

**နယူးယောက် ဩဂုတ် ၂၉**

နယူးယောက်မြို့တွင် အရက်နှင့် မူးယစ်ဆေးဝါးများ သုံးစွဲထားသူတစ်ဦးက အိမ်နီးချင်းများအားသေနတ်ဖြင့်ပစ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း နယူးယောက်ရဲတပ်ဖွဲ့က ဩဂုတ် ၂၆ ရက်၌ ပြောကြားသည်။

**ဒဏ်ရာရရှိ**

ဩဂုတ် ၂၅ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူနှစ်ဦးမှာ အရက်မူးသမား၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ဒဏ်ရာရသူများမှာပြတင်းပေါက်များကွဲပြီး မှန်စများ ထိမှန်မှုကြောင့် ဖြစ်သည်။

**ဖမ်းဆီး**

မူးယစ်ရမ်းကားပြီး သေနတ်ဖြင့် ပစ်ခတ်သူ အသက် ၃၄ နှစ်အရွယ်ရှိ မက်သရူးကိုလ်လိတာအား ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာ့အကြီးဆုံးဖောင်တိန်

**ကမ္ဘာပေါ်တွင် အကြီးဆုံး ဖောင်တိန်ဖြင့် စာရေးပြနေသူတစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် တရုတ်အမျိုးသားတစ်ဦးက အရှည် ၂၃ပေရှိသော ဖောင်တိန်တစ်ချောင်းကိုပြုလုပ်ကာ အများပြည်သူတို့အား စာရေးပြသခဲ့သည်။ ၎င်းဖောင်တိန်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဖောင်တိန်ကြီးတစ်ချောင်း ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**




# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အကြီးဆုံးဟင်းရွက်ကြော်

**ကမ္ဘာပေါ်တွင် အကြီးဆုံး ဟင်းရွက်ကြော် ကြော်လှော်နေကြစဉ်။** (ဝဲပုံ)

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ဟင်းရွက်ပေါင်းများစွာကို စုပေါင်းပြီး အလွန်ကြီးမားသော ဒယ်အိုးကြီးတစ်ခုအတွင်းထည့်ကာ ကြော်လှော်ခဲ့ကြရာ ဟင်းရွက်များ၏ စုစုပေါင်း အလေးချိန်သည် ၃၇၁ ဒသမ ၃၅ ကီလိုဂရမ် ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံး ဟင်းရွက်ကြော်အဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

# Wide Area Network သင်တန်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြား လက်တွေ့လုပ်ငန်းခွင်၌ အကျိုးရှိစွာ အသုံးချနိုင်စေရန် ကြိုးစားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန Wide Area Network (WAN)အသုံးပြုနည်းသင်တန်းဖွင့်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်သည်။** (ဝဲအောက်ပုံ)

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ (WAN) အသုံးပြုနည်း သင်တန်းသားသင်တန်းသူများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်း မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဗိုင်းဝန်းမြှင့်တင်**

ရှေးဦးစွာဝန်ကြီးဗိုလ်ချုပ်လှထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေး ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန် ယခုလို Wide Area Network (WAN) အသုံးပြုနည်းသင်တန်းကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊သင်တန်းတွင် သင်ကြားပို့ချမည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဘာသာရပ်များ၊ Local Area Network ,Wide Area Network ဆိုင်ရာ ပညာရပ်များကို စေ့ငပိုင်နိုင်စွာ နားလည်သဘောပေါက်သည်အထိ လေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချနိုင်စေရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ထို့အတူပင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများ အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအားဖြင့် ကျောင်းသားကျောင်းသူများ၏ ပညာရေးကို ဗိုင်းဝန်းမြှင့်တင်ပေးခြင်းဖြစ်ကြောင်း အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဝန်ထမ်းမိသားစုများမှ အခြေခံပညာကျောင်းသား ကျောင်းသူများအားတစ်ဦးချင်းပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်သည်။

Wide Area Network (WAN) အသုံးပြုနည်းသင်တန်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဦးစီးဌာနနှင့် လုပ်ငန်းများမှ သင်တန်းသားသင်တန်းသူ၂၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဗိုလ်မှူးကြီးစိုးဝင်းအား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်၃၉၀-၁၆ စက်မှုလမ်းနေ ဒေါ်နန်းမြင့်မြင့်သန်း၊ သမီး မကေခိုင်စိုးဝင်း၊ သား မောင်ထက်နေဝင်း၊ သမီး မနေဇင်စိုးဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းနှင့် အက်ဖ်အီးစီ၅၀ တို့ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ကုသလ (MA)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ တောင်ကြီးမြို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနေ ဦးတင့်လွင်-ဒေါ်တင်တင်ဦး၊ သမီး ဆုမွန်တင့်လွင်၊ ရည်မွန်တင့်လွင်၊ သား နိုင်လင်းဦး၊ ကြည်ငြိမ်းဦး၊ ထက်နိုင်ဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင် ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။**(က-ပ)

# သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် တရားတော် စာအုပ်ထုတ်ဝေ

**ရန်ကုန် ဩဂုတ် ၂၉**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ လွန်ခဲ့သော ၂၅ နှစ်က ဟောကြားတော်မူခဲ့သော (တရားပွဲ ငါးပွဲပေါင်းစု)သက္ကပဥ္စသုတ္တန် တရားတော်စာအုပ်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာနက ပုံနှိပ်ထုတ်ဝေထားသည်။

သိကြားမင်း၏ အမေး ၁၄ ချက်နှင့် ဗုဒ္ဓ၏အဖြေ ၁၄ ချက်ကို ဆရာတော်က နိဒါန်းမှစ၍ အကျယ်တဝင့် အဌကထာဋီကာ အခြားသက်ဆိုင်ရာ ပါဠိတော်များနှင့်ညို၍ ဟောကြားထားသည်။ ယင်းစာအုပ်ကို စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဖုန်း-၀၇၂- ၂၁၆၁၁၊ မန္တလေးမြို့ ၈၄ လမ်း ဖုန်း-၀၂-၃၉၂၂၁၊ ရန်ကုန်မြို့ ဓမ္မတေးဝိဇ္ဇာ ဖုန်း-၀၁-၂၀၀၆၁၈ နှင့် ဆင်းဘရားသားဆေးဆိုင် ဖုန်း-၀၁- ၂၄၁၀၉၁ တို့သို့ ဆက်သွယ်ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ဥရောပတွင် နွေရာသီ အချိန်စောကျရောက်မည်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် ဥရောပတစ်ဝန်းတွင် နှစ်စဉ်နွေရာသီများ စောစီးစွာ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ထိုသို့ နွေရာသီများ အချိန်စောစွာ ရောက်ရှိမှုကို မိမိတို့ အထောက်အထားများ တွေ့ရှိထားပြီဖြစ်ကြောင်း လန်ဒန် သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

**ပြောနိုင်**

ဥရောပနိုင်ငံပေါင်း ၁၇နိုင်ငံမှ အပင်နှင့် သတ္တဝါမျိုးစိတ်ပေါင်း ၅၆၁ခု ကို အကြိမ်ပေါင်း ၁၂၅၀၀၀ သုတေသနပြုခဲ့ရာမှ ယခုကဲ့သို့ နွေရာသီများ အချိန်စောစွာ ကျရောက်မည်ကို မိမိတို့ ပြောနိုင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

**သီတင်းနှစ်ပတ်စော**

ထိုသို့ နွေရာသီအချိန်စောစွာ ရောက်ရှိမှုမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ထက် တစ်နှစ်လျှင် ခြောက်ရက်မှ ရှစ်ရက်အထိ အချိန်စောမည်ဖြစ်ကြောင်း၊ စပိန်ကဲ့သို့သော နိုင်ငံများနှင့် ဒေသများတွင် အပူချိန်မြင့်တက်မှုအမြင့်ဆုံးဖြစ်လာမည်ဖြစ်ရာ ထိုနိုင်ငံနှင့် ဒေသများ၌ သီတင်းနှစ်ပတ်ကျော် အချိန်စောပြီး နွေရာသီရောက်ရှိမည်ဟု ၎င်းတို့က ပြောကြားသည်။

အပင်များ၊ ပန်းပွင့်များနှင့် သစ်ရွက်များကဲ့သို့သော သဘာဝ ပတ်ဝန်းကျင်များအပေါ် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုက ကြီးမားစွာ ရိုက်ခတ်မည်ဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် အပင်၊ အပွင့်နှင့် အရွက်များအား သုတေသနပြုရာတွင် ယခုအချိန်မှပင် စတင်ကာ ရာသီဥတု ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို တွေ့မြင်နေရပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံလန်ဒန်မြို့မှ အပင်နှင့် သတ္တဝါတို့ဆိုင်ရာ သုတေသနဌာနမှ သုတေသနပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာတမ်စပက်ခ်က ပြောကြားသည်။

**ထိခိုက်ခဲ့**

ယခုနှစ်မှာပင် အပင်၊ အပွင့်နှင့် အရွက်တို့အပေါ် ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်တက်မှုများကြောင့် သုံးရာခိုင်နှုန်းခန့် ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။

**(ကိုးကား-အင်တာနက်)**



**အင်တာနက်**
**သတင်းနှင့်**
**ဓာတ်ပုံ**





# ကျောင်းတိုင်းအမှိုက်ကင်းစင်အောင်လုပ်ဆောင်ခြင်းဖြင့်ကျန်းမာရေးအထောက်အကူပြု



**တောင်ဥက္ကလာပမြို့နယ် အလက(၇) ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာရန်အတွက် Naing Group ဆောက်လုပ်ရေးမှ အလှူငွေ ကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးလက်ခံစဉ်။**

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

✻ **ကျောဖုံးမှ**

ယခုနှစ်တွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူးလျက် စင်(၃)စင် ကျောင်းကျန်းမာရေး စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက် ရှိကြောင်း သိရသည်။

## ပညာပေးလှုံ့ဆော်

ယင်း စင်(၃)စင် ကျောင်းကျန်းမာရေးစီမံချက်မှာ ကျောင်းပတ်ဝန်းကျင်တွင် အမှိုက်များ ကင်းစင်အောင် အမြဲမပြတ် ဆောင်ရွက်စေခြင်း၊ ခြင်ကျား ကင်းစင်အောင် ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်စေခြင်းနှင့် ဆေးလိပ်ကင်းစင်အောင် စီမံချက်များ ရေးဆွဲ ဆောင်ရွက်စေခြင်းတို့ ဖြစ်သည်။

အဆိုပါ ကျောင်းကျန်းမာရေး လှုပ်ရှားမှုအဖြစ် စင်(၃)စင်စီမံချက်ကို ချမှတ် အကောင်အထည်ဖော်သည့် အခမ်းအနားတစ်ရပ်ကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၇)၌ ကျင်းပသည်။

## လှူဒါန်းငွေ

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်ကာ စင်(၃)စင်ကျောင်းအဖြစ် သတ်မှတ်ပေးသည့် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခြင်း၊ ကျောင်းသူကျောင်းသားများ၏ သရုပ်ဖော် ခင်းကျင်းပြသ တင်ဆက်သော ကျောင်းပြခန်းသို့ ဝင်ရောက်ကြည့်ရှုအားပေးခြင်းနှင့် အဆိုပါကျောင်းအတွက် လိုအပ်သည့် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့အပြင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေတို့က မိုးပျံပူဖောင်းများ ချိတ်ဆွဲထားသော ဖဲကြိုးကိုဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌဒေါ်အေးအေးက **"မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာ မိခင်နှင့်ကလေးများ၏ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုလျက် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်မှာ သက်တမ်းအားဖြင့် ၁၅ နှစ်ပင်ရှိပြီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် နှစ်စဉ် ညီလာခံတွင် ရှေ့ဆက်လုပ်ငန်းများနှင့်ပတ်သက်ပြီး ချမှတ်လုပ်ဆောင်နေကြောင်း၊ယခုနှစ်တွင် ကျောင်းကျန်းမာရေးလှုပ်ရှားမှုအဖြစ် စင်(၃)စင် စီမံချက်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစင်(၃)စင်ကျောင်းအဖြစ် သတ်မှတ်ပြီးရုံတင်မဟုတ်ဘဲ အမြဲတမ်းကင်းစင်နေအောင် ဆောင်ရွက်ရန် လိုကြောင်း"** ဖြင့် ပြောကြားသည်။

ယင်းကျောင်း ခြံစည်းရိုး အုတ်တံတိုင်း ခတ်ရန်အတွက် Naing Group ဆောက်လုပ်ရေးက ငွေကျပ် ၁၅ သိန်း၊ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး၊ ရွှေတောင်ဆောက်လုပ်ရေး၊ AMC ဆောက်လုပ်ရေး၊ဂရိတ်ဝေါလ်ဆောက်လုပ်ရေး၊ မြင့်မြတ်ကျော် ဆောက်လုပ်ရေးနှင့် Asia World ဆောက်လုပ်ရေးတို့က ငွေကျပ် သုံးသိန်းစီ လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လက်ခံရယူသည်။

## သွေးလွန်တုပ်ကွေးပိုစတာ

ထို့အပြင် ယင်းကျောင်းအတွက် လိုအပ်သော သန့်ရှင်းသုံးပစ္စည်းများဖြစ်သည့် အမှိုက်ပုံးများ၊ တံမြက်စည်းများ၊ သွေးလွန်တုပ်ကွေးပိုစတာများ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ခဲ့ရာ သက်ဆိုင်ရာ အတန်းပိုင်ဆရာများက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ အလုပ်အမှုဆောင် ဒေါက်တာသန်းဦးက တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းနှင့် ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်ကိုလည်း သိရှိရသည်။

သို့ဖြစ်၍ ကျောင်းတိုင်း ကျောင်းတိုင်း အမှိုက်ကင်းစင်အောင် အမြဲလုပ်ဆောင်ခြင်းဖြင့် ကျောင်းသူကျောင်းသားများ၏ ကျန်းမာရေးကို အထောက်အကူဖြစ်စေခြင်း၊ ခြင်ကျားကင်းစင်အောင် ကျန်းမာရေးပညာပေး ဆောင်ပုဒ်အရ ဖုံး၊ သွန်၊ လဲ၊ စစ် အမြဲမပြတ် ဆောင်ရွက်စေခြင်းဖြင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက် အမြှေးရောင်ရောဂါတို့မှ ကင်းဝေးစေမည်ဖြစ်ကြောင်း၊ ကျောင်းဝန်းကျင်၌ ဆေးလိပ်ကင်းစင်အောင် ဆောင်ရွက်ခြင်းဖြင့် ဆေးလိပ်နှင့် ဆက်စပ်ဖြစ်ပွားသည့် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အဆုတ်ရောဂါစသည့် ရောဂါများမှ ကင်းဝေးစေမည်ဖြစ်ကြောင်း ဗဟုသုတဖြစ်ဖွယ်၊ လိုက်နာဆောင်ရွက်ဖွယ်ရာများအဖြစ် မှတ်သားရသည်။

ထို့ကြောင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ယခုနှစ်တွင် ကျောင်းကျန်းမာရေး လှုပ်ရှားမှုအဖြစ် စီမံဆောင်ရွက်သည့် စင်(၃)စင်လုပ်ငန်း အောင်မြင်စေရန်အတွက် ကျောင်းတိုင်း ကျောင်းတိုင်း အမှိုက်များကို စွန့်ပစ်စေခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ခြင်ကျားရန်မှ ကင်းဝေးရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းကို အမြဲမပြတ်ဆောင်ရွက်စေခြင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် ဆေးလိပ်များရှောင်းချခြင်း၊ သောက်သုံးခြင်းများကို ရှောင်ကြဉ်ကြရန် လိုအပ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး၍ ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်ကျား၊ ဆေးလိပ် ကင်းစင်သောကျောင်း သတ်မှတ်ခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သွေးလွန်တုပ်ကွေးပညာပေးပိုစတာများ ပေးအပ်စဉ်။**

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အလုပ်အမှုဆောင် ဒေါက်တာသန်းဦး၏"တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေး" ဉာဏ်စမ်းမေးခွန်းလွှာများကို တောင်ဥက္ကလာပ အလက(၇) ကျောင်းသူလေးများ စိတ်ဝင်တစားဖြေကြားကြစဉ်။** ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

## မုန်တိုင်းငယ် အိန္ဒိယပင်လယ်ပြင်ကို ဗဟိုပြု

**ရန်ကုန် ဩဂုတ် ၂၉**

ယနေ့မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ပူရီ(Puri)မြို့၏ အရှေ့တောင်ဘက် မိုင်၅၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်(သို့)အနောက်မြောက်ဘက်သို့ရွေ့လျားမည်ဟုခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၈ ရက် (ဥပုသ်နေ့)**
**၃၀-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီ
- ၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Islands of Dhamma
- ၈:၅၀ ၁၀။ ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဇေယျာလင်္ကာရပရိယတ္တိစာသင်တိုက် မြင်းခြံမြို့ မန္တလေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ သာကေတ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၄၅ ၈။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
- ၁၇:၅၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ Japan Video Topics
- ၁၈:၅၀ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၂၀ ၁၄။ ရွှေလင်ပန်းတံတား
- ၁၉:၂၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
- ၁၉:၃၅ ၁၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) [အခြေခံပညာ၅-၁၀နှစ်] (အမျိုးသား)
- ၁၉:၄၅ ၁၇။ လေးကျွန်းမာရ်အောင်စေတီတော်(သောတာပန်ရပ်၊ စစ်ကိုင်းမြို့)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာရုပ်ရှင် **"ပယင်းရောင်"** ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်း (ဒါရိုက်တာ-ခင်စိုး)
- ၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။



**အမှတ် ၁၅၆ ဦးအေးလမ်း (၁၆)ရပ်ကွက် လှိုင်မြို့နယ်နေ ဒေါ်မြင့်မိသားစုက ဦးမင်းသိန်းထွန်း၏မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်နှစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။** (က-ပ)

## ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အမ်းမြို့ ဒေသဖွံ့ဖြိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကိုပေးအပ်ချီးမြှင့်သည်။

### တက်ရောက်

ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာတတ် လူငယ်များ ပေါ်ထွန်းရေးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်ရေး ရည်မှန်းချက်၏ အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဆရာ၊ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် ထက်မြက်ထူးချွန်သူများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ပြည်နယ်အတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်ဝင်းဖြိုးနှင့် သံတွဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးသန်းထွဋ်၊ အောင်ချက်အကောင်းဆုံးမြို့နယ်ဆုရရှိကြသော ပထမဆုရ သံတွဲမြို့နယ်၊ ဒုတိယဆုရ မင်းပြားမြို့နယ်နှင့် တတိယဆုရ ဂွမြို့နယ်တို့အား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍အမ်းမြို့နယ်အတွက် ပညာရေးထောက်ပံ့ပစ္စည်းများ ဖြစ်သည့် ဗလာစာအုပ်၊ ခဲတံနှင့် ငွေကျပ်တစ်သိန်းတို့ကို ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပေးအပ်ရာ အမ်းမြို့နယ် ပညာရေးမှူး ဦးတင်ရွှေက လက်ခံသည်။

### အောင်ချက်အကောင်းဆုံးဆု

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက် အကောင်းဆုံးဆုရ ကျောင်းများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ကျော့ကျော့စံက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

### ကျေးဇူးတင်စကား

ယင်းနောက် ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် စစ်တွေမြို့ အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းမှ မောင်သက်ဝင်းဖြိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် အမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ စိန်လင်းနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

### ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အမ်းမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက် လူနာများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကိုပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာစိန်လင်းက လက်ခံသည်။

ယင်းနောက် ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာစိန်လင်းက ဆေးရုံသစ်ဆောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

### မှာကြား

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို ပိုမိုကြိုးစား ဆောင်ရွက်ကြရေးနှင့် ဆေးရုံဝန်းကျင် သန့်ရှင်း သပ်ရပ်စိမ်းလန်းစိုပြည်ရေးကို အစဉ်တစိုက် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မင်းဘူး–အမ်းကားလမ်း မိုင်တိုင်အမှတ်(၈၃/၅)ရှိ အမ်းမြို့နယ်ဌာနဆိုင်ရာများ၏ ရော်ဘာစိုက်ခင်းသို့ ရောက်ရှိကြရာ အမ်းမြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာက မြို့နယ်ရှိ ဌာနဆိုင်ရာ ၁၃ ခု၏ ဧက ၇၀တွင် ရော်ဘာစိုက်ပျိုးပြီးစီးမှုနှင့် ယခု မိုးရာသီအကုန်အထိ လျာထားဧက ၁၀၀ ပြည့်မီအောင် စိုက်ပျိုးရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမ်း–ပဒဲကြော–မအီလမ်း မိုင်တိုင်အမှတ် (၃/၂) ၌ ကုန်းမြင့်လယ်မြေစပါးနှင့် ရော်ဘာရောစပ် စိုက်ပျိုးထားသည့် ၁၀ ဧက စိုက်ခင်းနှင့် မိုင်တိုင်အမှတ် (၃/၀) နှင့်(၄/၀)အကြား စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

### စိုက်ပျိုးပြီးစီးမှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမ်းတပ်နယ်ရှိတပ်ရင်း၊တပ်ဖွဲ့များ၏ ရော်ဘာ ၁၀ ဧကစိုက်ကွက် အမှတ် (၉)သို့ ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်ကတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တောင်ယာကြောင့် သစ်တောများ ပြုန်းတီးမှုကို အစားထိုးသည့် စိုက်ကွက် ၁၀ ကွက် ဧက ၁၂၀၀တွင် ရော်ဘာများ စိုက်ပျိုးရန် လျာထားသည့်အနက် ဧက ၃၅၀ စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးပင်တစ်သိန်းငါးသောင်းကျော် ပျိုးထောင်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မိုင်တိုင်အမှတ် (၄/၀)နှင့်(၅/၀)အကြား လမ်းအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးဦးအုန်းလွင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

### စိုက်ပျိုးထား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မိုင်တိုင်အမှတ် (၅/၀)နှင့်(၆/၀)ကြားရှိ အမ်းတပ်နယ် တပ်ရင်းတပ်ဖွဲ့များက တောင်ယာပောင်းနေရာ၌ စိုက်ပျိုးထားသော ရော်ဘာစိုက်ကွက် အမှတ်(၁၀)၏ ၁၅ဧကေ၌ ရော်ဘာပင် ၃၀၀၀ စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်၌လမ်းဖောက်လုပ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမ်း–ပဒဲကြော–မအီလမ်း၏ အမြင့်ဆုံးအပိုင်းဖြစ်သည့် အော်သကဲတောင်ထိပ်ရှိ မိုင်တိုင်အမှတ် (၁၇/၄)သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူးဦးအုန်းလွင်က မိုင်တိုင်အမှတ် (၁၇/၄)မှ မိုင်တိုင်အမှတ် (၁၈/၀)အကြား မြေအနိမ့်အမြင့် မြေညှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပွင့်လင်းရာသီတွင် ယာဉ်ငယ်များသာမက ကားကြီးများ ပါသွားလာနိုင်အောင် ဆောင်ရွက်ရန် တာဝန်ရှိသူများ အားမှာကြားသည်။

### လုပ်ငန်းအခြေအနေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် အမ်း–ပဒဲကြော–မအီလမ်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က သတ်မှတ်လမ်းပုံစံ အနိမ့်အမြင့် မြေညှိခြင်း၊ အကျယ် ၁၆ပေ၊ အမြင့်တစ်ပေရှိ အမာခံကျောက်ခင်းခြင်း၊ သံကူကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်း၊ ၁၆ပေ အကျယ်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်း တင်ပြပြီး တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအီမြို့နယ် ပြင်ဝန်းစခန်းရှိ မအီ–ကျောက်ဖြူလမ်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်က ရန်ကုန်– ကျောက်ဖြူလမ်း၊ မအီ–ကျောက်ဖြူလမ်းအတိုင်း ညွန်တောအတွင်း Geotextile နည်းဖြင့် လမ်းခင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရမ်းဗြဲမြို့မှ မင်းကြောင်းချောင်းတံတားသို့ ရမ်းသစ်ချေကျေးရွာမှတစ်ဆင့် ဖြတ်လမ်းဖောက်လုပ်ခြင်းဖြင့် မူလလမ်းဖြစ်သည့် ရမ်းဗြဲ–စနဲလမ်းခွဲ– မင်းကြောင်းချောင်းတံတားလမ်းထက် ခရီးမိုင် ၁၇ မိုင် သက်သာမည်ဖြစ်၍ ဆောလျင်စွာ ပြီးစီးရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မအီ–ကျောက်ဖြူလမ်းရှိ လုံးတော်ပေါက်တံတား ကြံ့ခိုင်မှုအခြေအနေနှင့် ဝန်ဖိုက်ချောင်းတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မင်းကြောင်းချောင်းတံတား ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

### ဆက်လက်စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအီ–ကျောက်ဖြူလမ်းမိုင်တိုင်(၇၃/၀) နှင့်(၇၄/၀)ကြားရှိ ကျောက်ဖြူ တပ်နယ် ရော်ဘာဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြရာ ကျောက်ဖြူတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်အောင်က ရော်ဘာ လျာထားဧက ၂၀၀ အနက် ၁၄၅ ဧက စိုက်ပျိုးပြီးစီးမှု၊ ပျိုးပင် ၁၂၀၀၀ ပျိုးထောင်ပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗိုလ်မှူးချုပ်မော်သိန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရော်ဘာကိုလျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး၊ ဇီဝလောင်စာဆီ ထုတ်ယူနိုင်သည့် ကြက်ဆူပင်ကိုလည်း စနစ်တကျ စီမံချက်ရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့နယ် စနဲတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စနဲတိုက်နယ်ဆေးရုံ ခန်းမဆောင်၌ ဆေးပဒေသာပင် အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ် လှူဒါန်းကြပြီး ဒေါက်တာကျော်မြင့်က လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကျောက်ဖြူတပ်နယ်ရှိ သတိုးမဟာဗန္ဓုလခန်းမ၌ ကျောက်ဖြူတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး၊ မိသားစုဝင်များ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး လိုအပ်ချက်များကို တာဝန်ရှိသူ အဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**





**ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ဒသမအကြိမ် ပန်းချီ၊ ပန်းပုလက်ရာမွန် ပြပွဲ နှင့် ဂီတ၊ သဘင် စင်တင် တင်ဆက်မှုကို အမျိုးသားဇာတ်ရုံ၌ ကျင်းပစဉ်။**
(သတင်းစဉ်)

## ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)
## ဒသမအကြိမ် ပန်းချီ၊ပန်းပုလက်ရာမွန် ပြပွဲ နှင့်
## ဂီတ၊ သဘင် စင်တင်တင်ဆက်မှု ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် ဒသမအကြိမ် ပန်းချီ၊ ပန်းပုလက်ရာ မွန်ပြပွဲနှင့် ဂီတ၊ သဘင် စင်တင်တင်ဆက်မှု အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

### ကြည့်ရှုအားပေး

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသူများသည် ဇာတ်ရုံအတွင်း၌ ခင်းကျင်းပြသထားသော ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် ကျောင်းသားကျောင်းသူလေးများ၏ ပန်းချီ၊ ပန်းပု လက်ရာမွန်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများအား ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဂီတပညာဌာနနှင့် သဘင်ပညာဌာနမှ ကျောင်းသူလေးများက မြန်မာ့ဆိုင်းဝိုင်း၊ ယိမ်းအက၊ ပတ္တလား၊ စောင်း၊ စန္ဒရား၊ တယောစသည့် တူရိယာရှစ်မျိုးဖြင့် တီးခတ်မှု၊ တေးသံသာများ၊ ရုပ်သေးအက၊ အော်ပရာ၊ ပြဇာတ်နှင့် ဇာတ်ကြီး စသည်တို့ဖြင့် သီဆိုကပြတီးမှုတ်ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### တက်ရောက်ဘွဲ့ယူ

၂၀၀၅–၂၀၀၆ခု ပညာသင်နှစ်တွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ တတိယနှစ် ဂီတအထူးပြု ၂၀၊ သဘင်အထူးပြု၁၂ဦး၊ ပန်းချီအထူးပြု ၂၁ဦး၊ ဒုတိယဂုဏ်ထူးတန်းဂီတ အထူးပြုကိုးဦး၊ သဘင်အထူးပြု သုံးဦး၊ ပန်းချီအထူးပြု ရှစ်ဦး၊ ပန်းပုအထူးပြုနှစ်ဦးနှင့် ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းတွင် ဂီတအထူးပြု၁၅ဦး၊ သဘင်အထူးပြုခုနစ်ဦး၊ ပန်းချီအထူးပြု ရှစ်ဦး၊ ပန်းပုအထူးပြု ၁၄ဦးတို့ တက်ရောက်ဘွဲ့ယူကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

## မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းပွဲ

**ရန်ကုန် ဩဂုတ် ၂၉**

မြောက်ဥက္ကလာပမြို့နယ်မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်းမှ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့် ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသီရိသည် စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ အဖွဲ့ခွဲ အမှတ် ၇၉ သုံးဆယ်မြို့၊ အောက်တိုဘာ ၂ရက်မှ ၁၀ရက်အထိ အဖွဲ့ခွဲ ၁၂၈ မိုးညိုမြို့နှင့် အောက်တိုဘာ ၁၁ရက်မှ ၁၇ရက်အထိ အဖွဲ့ခွဲအမှတ် ၂၉၆ ကြားကြားကန်ရွာ နတ်တလင်းမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံများ၊ စာရေးကိရိယာများနှင့် အဝတ်အထည်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းအတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅)၊ အမှတ်(၁၁)၊ အမှတ်(၁၂)၊ အမှတ်(၁၄)၊ အမှတ်(၁၅)နှင့် အမှတ်(၂၁) ကျောင်းများသို့ စာသင်ခုံများ၊ စာရေးကိရိယာများနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက် ဗိုလ်ဥတ္တမလမ်းရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅)၌ ကျင်းပသည်။**

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က စာသင်ကျောင်းများသို့ စာသင်ခုံနှင့် အထောက်အကူပစ္စည်းများ လှူဒါန်းခြင်းနှင့် ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းအမှတ်(၅)သို့ စာသင်ခုံ၁၀စုံ၊ အခြေခံပညာ မူလတန်းကျောင်း အမှတ်(၁၁)သို့ စာသင်ခုံ၂၅စုံ၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၂) သို့ စာသင်ခုံ၁၂စုံ၊ အခြေခံပညာမူလတန်းကျောင်းအမှတ်(၁၄)သို့ စာသင်ခုံ ၁၀စုံ၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၅)သို့ စာသင်ခုံ အစုံ၂၀နှင့် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂၁)သို့ စာသင်ခုံ၃၃စုံတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးများက လက်ခံကြသည်။

ယင်းနောက် ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)၊ ဆရာမကြီး ဒေါ်သိန်းဆိုင် မြတ်လေးရုံမိသားစုက တန်ဖိုးငွေကျပ်တစ်သိန်းခွဲရှိ ခဲတံများ ပေးအပ်လှူဒါန်းရာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅) ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

### လက်ခံ

ဆက်လက်၍ ပုလဲကျန်းမာရေး မိသားစု စေတနာရှင်အလှူရှင်များက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ၂၂ ကျောင်းတို့သို့ ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ အဝတ်အထည်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ပြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပညာရေးမှူး ဦးလက်ကျင်ခုတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### တက်ရောက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်အမှတ်(၃)ရပ်ကွက် ယောမင်းကြီးလမ်းရှိ အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၂)သို့ သွားရောက်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ် ဆရာမကြီးများ၊ ဆရာ ဆရာမများ ၃၅၀နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

### ဆွေးနွေး

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းရည်ရွယ်ချက်များ၊ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ပညာရေးအထောက်အကူပြု လုပ်ငန်းများအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း၊ စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်ဆန်းက လူကုန်ကူးမှုအန္တရာယ် သတိပြုဖွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှအမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ ၁၂၃၀ကို စုပေါင်းပေးအပ်ကြရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူးဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိအခြေခံပညာ မူလတန်းကျောင်း များအတွက်ကျောင်းသုံး ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**
(မြို့တော်စည်ပင်)

# အသင်းဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းများသို့ ဗလာစာအုပ်များ လှူဒါန်း

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ ပံ့ပိုးသော ဗလာစာအုပ်များကို မြို့နယ်အသင်းအတွင်းရေးမှူး ဦးဇော်လင်း မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



**ရန်ကုန် ဩဂုတ် ၂၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ ပံ့ပိုးသောဗလာစာအုပ် ၁၁၅ ဒါဇင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် မွန်းလွဲ၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်လင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဗလာစာအုပ်များကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်သိန်းထံ ပေးအပ်လှူဒါန်းသည်။

### ကျေးဇူးတင်စကားပြောကြား

ယင်းနောက် မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးရန် ပြည်ပြေးများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများက ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးသမားများ စီစဉ်စေလွှတ်လျက်ရှိ

# နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းတိုက်ဖျက်ချေမှုန်းသွားမည်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင် ဦးစီးသည့် ဆန့်ကျင်ဘက်ပြည်ပြေးအုပ်စုများသည် ပြည်တွင်း၌ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံ၏ အဝေးတစ်နေရာတွင် ရှိသည့် နိုင်ငံတစ်နိုင်ငံ၌ ဇူလိုင် ၁၃ ရက်က အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

### ထောက်ပံ့ငွေများယူဆောင်လာ

ပြည်တွင်း၌ ဖောက်ခွဲရေးလုပ်ငန်းများလုပ်ဆောင်ရန် ယင်းအစည်းအဝေးမှ ထောက်ပံ့လိုက်သော ငွေများကို ABSDF ဥက္ကဋ္ဌ သံခဲက ဩဂုတ် ၂၃ ရက်က ယူဆောင်လာခဲ့ကြောင်းလည်း သိရှိရသည်။

၎င်းရရှိသောငွေများကို အသုံးပြုပြီး ABSDF မှ ခင်ကျော်နှင့် သန်းအေး ခေါင်းဆောင်သော ကျား ၁၂ ဦး၊ မ သုံးဦး ပေါင်း၁၅ဦးပါဝင်သည့် ဖောက်ခွဲရေးအဖွဲ့သည် ဩဂုတ် ၂၈ရက်တွင် ABSDF ဌာနချုပ် ဒေါင်းခွင်စခန်းမှ စတင်ထွက်ခွာလာကြောင်း၊ ၎င်းတို့သည် ရွှေကျင်ဒေသမှ တစ်ဆင့် ပဲခူးယ်ကုန်းဒေသနှင့် ဇရပ်ကြီးဒေသများသို့ ဝင်ရောက်ကာ စက်တင်ဘာလအတွင်း အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ဖောက်ခွဲရေးသမား စေလွှတ်ထား

ထို့အတူ ကနေဒါရောက် သန်းထွေး၊ အမေရိကန်ရောက် ယဉ်ထွေးနှင့် ဂျပန်ရောက် စိုးဝင်း အပါအဝင် ဖောက်ခွဲရေးသမားခုနစ်ဦးကိုလည်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရန် စေလွှတ်ထားကြောင်း သတင်းရရှိသည်။

ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်သည် နိုင်ငံတော်အစိုးရက တရားခံပြေးအဖြစ်လည်းကောင်း၊ အကြမ်းဖက်သမားအဖြစ်လည်းကောင်း ကြေညာထားခြင်းခံရသူဖြစ်သည်။ သို့သော် ၎င်းသည် နိုင်ငံရေးအရေခြုံပြီး ယခုအခါ ပြည်ပရှိ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (FTUB) အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ကာ မြန်မာနိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်းများကို စီစဉ်ကြိုးကိုင် လုပ်ဆောင်နေသူဖြစ်သည်။

### ပူးပေါင်းတိုက်ဖျက်

ယနေ့မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်လျက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ရရှိဖြစ်ထွန်းနေသော အေးချမ်းတည်ငြိမ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု အလားအလာကောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်တွင်းပြည်ပ အဖျက်ရန်ဟူသမျှကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ပူးပေါင်းတားဆီး တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်သည်။

အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်အမှောင့်သမားများကို အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံသို့ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ဩဂုတ် ၂၉ ရက်၌ မိုးရွာသွန်းလေသမျှ

| | | | | |
|---|---|---|---|---|
| နေပြည်တော် | ၀ | ဒသမ | ၀၈ | လက်မ |
| ခန္တီး | ၂ | ဒသမ | ၈၀ | လက်မ |
| ဟုမ္မလင်း | ၂ | ဒသမ | ၄၀ | လက်မ |
| ပူတာအို | ၂ | ဒသမ | ၄၀ | လက်မ |
| ပဲခူး | ၁ | ဒသမ | ၉၇ | လက်မ |
| ကလေးမြို့ | ၁ | ဒသမ | ၃၈ | လက်မ |
| ညောင်ဦး | ၀ | ဒသမ | ၅၉ | လက်မ |

# ပွင့်သော ပန်းတိုင်းမွှေးပါစေ

ခင်ဦး

အချိန်ကား ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ မွန်းတည့် ၁၂ နာရီခန့် ရာသီဥတုကလည်း မိုးဖွဲဖွဲလေးများဖြင့် အေးစိမ့်စိမ့်လေးဖြစ်နေပါသည်။

စမ်းချောင်းမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမကြီးတစ်ခုလုံးတွင် ဆယ်ကျော်သက်အရွယ် ကျောင်းသူလေးများကို တစုတဝေးတည်း တွေ့လိုက်ရပါ၏။ အသွင်သဏ္ဍာန်အားဖြင့် ရွှင်လန်းတက်ကြွနေသလို အနှစ်သာရအားဖြင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သမီးငယ်များဖြစ်ကြပါသည်။

ပညာ့ဗိမာန် ဥယျာဉ်ကြီးထဲတွင် ပန်းပေါင်းစုံ ရောင်စုံဖူးပွင့်ကြ၏။ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသူပေါင်းမှာ ၂၈၃ဦးဖြစ်ပါသည်။ ဆရာနှင့် မိဘတည်းဟူသော ဥယျာဉ်မှူးတို့၏ ဘက်ပေါင်းစုံမှ ပြုစုစောင့်ရှောက်မှုတို့ကြောင့် ကျောင်းသားကျောင်းသူတည်းဟူသော ပန်းတို့သည် ဝွားဝွားစွင့်စွင့် ဖူးပွင့်ကြ၏။ အသွေးအရောင်စုံစုံ ပန်းပွင့်များကြားမှ မွှေးရနံ့ထုံသင်းသော ပန်းများ အမြောက်အမြား ပွင့်ဖူးကြ၏။ အဆင်းလည်း ရှိ၏။ အချင်းလည်း ရှိ၏။ ထိုအဆင်းအချင်းတို့ဖြင့် အနာဂတ်တည်းဟူသော နေရောင်ခြည်အောက်တွင် ကျက်သရေအဖြာဖြာဖြင့် ထူးတင့်ဝေဆာနေမည်ဖြစ်ပါသည်။ ထိုမွှေးသော၊ လှသော ပန်းလေးများဖြစ်သည့် ခြောက်ဘာသာဂုဏ်ထူးရှင် သမီးငယ်များကို တစ်နေရာတည်းမှာ စုစုဝေးဝေး တွေ့မြင်လိုက်ရသူအပေါင်းမှာ ဝမ်းသာပီတိများစွာဖြင့် ရွှေရင်သိမ့်သိမ့်တုန်ကြမည်မှာ ဧကန်ဖြစ်ပါသည်။ ကျွန်မတို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဤနေရာသို့ရောက်လာရခြင်းမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းအတွင်း ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသူလေးများအား ဂုဏ်ပြုပွဲ အခမ်းအနားကြောင့်ပဲ ဖြစ်ပါ၏။

ရန်ကုန်တိုင်းအတွင်း ကျောင်းပေါင်း ၅၈ကျောင်းမှ ကျောင်းသူ စုစုပေါင်း ၂၈၃ဦး ဘာသာစုံဂုဏ်ထူးရရှိခဲ့ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၅၂၂ဦး ရှိသည့်အနက် ရန်ကုန်တိုင်းမှ ကျောင်းသား ၁၄၈ဦးနှင့် ကျောင်းသူ ၂၈၃ဦး စုစုပေါင်း၄၃၁ဦး ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရောက်ရှိလာကြပြီးနောက် ဂုဏ်ပြုပွဲအခမ်းအနားအစီအစဉ်ကို စတင်ခဲ့ပါသည်။

အခမ်းအနားမှူးက အခမ်းအနားစတင်ဖွင့်လှစ်ကြောင်း ကြေညာပြီးသည့်နောက် အခြေခံပညာကျောင်းများမှ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ဝတ္တရားတို့ကို ရှင်းလင်းပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းများကျန်းမာသန့်ရှင်းစေပြီး ဘက်စုံဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျောင်းများဖွံ့ဖြိုးရေးအတွက် ကျောင်းစာသင်ခုံနှင့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို ပြုလုပ်ပေးလျက်ရှိခြင်း၊ အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များ အနေဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးကိစ္စများတွင် ပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း၊ စာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း၊ စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး နည်းပြသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရပ်ရွာပညာပဒေသာဌာနများ ဖွင့်လှစ်တည်ထောင်ပေးခြင်း၊ သက်ကြီးစာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်း၊ စာသင်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ စေတနာ့ညကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မတက်နိုင်သော အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်များ ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၀၆–၂၀၀၇ခုနှစ် စာသင်နှစ်အတွက် ရန်ကုန်တိုင်းအတွင်း ခရိုင်လေးခရိုင်ရှိ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများပြုလုပ်၍ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် ငွေသားထောက်ပံ့မှုများကို ကျောင်းသားကျောင်းသူ ၅၈၃၈ဦးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျပ်သိန်း ၅၀၊ ကျောင်းသားကျောင်းသူ ၆၁၀၀ အတွက် ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက တန်ဖိုးငွေကျပ် ၁၅၆ သိန်းကျော်ဖိုး ထောက်ပံ့ပေးခဲ့ကြောင်း၊ အမျိုးသားပညာရည် မြင့်မားရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်နှင့်အညီ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး ရရှိသူများကို ယခုလို အခမ်းအနားဖြင့် ဂုဏ်ပြုရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အထက(၂)လသာ ကျောင်းသူလေးများ၏ တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေမှုကို မြိုင်မြိုင်ဆိုင်ဆိုင်ရှုမြင်ခဲ့ရပါသည်။ အစီအစဉ်အရ ဂုဏ်ထူးရှင်ကျောင်းသူလေးများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူးဒေါ်မြသီဂီ၊ ဘဏ္ဍာရေးဌာနကြီးမှူးဒေါ်အေးအေး၊အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ခင်မိမိတို့က ကျောင်းသူတစ်ဦးလျှင် ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားကျပ် ၂၅၀၀၀စီတို့အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆုများချီးမြှင့်ပြီးနောက် အထက(၂)လသာမှ ကျောင်းသူ မဖြူဝင်းသော်က "သမီးတို့အနေနဲ့ ယခုလိုဘာသာစုံဂုဏ်ထူးများ ရရှိခဲ့ခြင်းဟာ မိမိတို့ကြိုးစားမှုသက်သက်ဖြင့် ရခဲ့ခြင်းမျိုးမဟုတ်ပါဘူး၊ ပွဲမဝင်ခင်ကတည်းက အောင်မြင်မှုနည်းလမ်းအသွယ်သွယ်နဲ့ ပံ့ပိုးကူညီစောင့်ရှောက်ခဲ့ကြတဲ့ နိုင်ငံတော်နှင့်တကွ ဆရာ၊ ဆရာမများ၊ မိဘများရဲ့ သွန်သင်ဆုံးမလမ်းပြခဲ့တဲ့ ကျေးဇူးတရားတွေကြောင့် ဖြစ်ကြောင်း ပြောကြားလိုပါတယ်ရှင့်၊ သည်ကျေးဇူးတရားတွေဟာ ကြီးမားမွန်မြတ်တဲ့ ကျေးဇူးတရားဖြစ်ခြင်းကြောင့် သမီးတို့အနေနဲ့ တစ်သက်တာမမေ့နိုင်ဘဲ ဘဝရည်မှန်းချက်တွေ အောင်မြင်ပြည့်စုံချိန်မှာ နိုင်ငံ့သမီးကောင်းများပီသစွာနဲ့ တုံ့ပြန်ကျေးဇူးပြုဖို့ ဆုံးဖြတ်ထားကြပါတယ်"ဟု ကျေးဇူးတင်စကားကြားလိုက်ရသည့်အခါ၌ ကျွန်မတို့၏ ရင်ထဲစိမ့်စမ်းရေအေးအေးလေး သောက်လိုက်ရသကဲ့သို့ ကြည်နူးချမ်းမြေ့ပီတိဖြစ်ကြရပါတယ်။

လုံ့လ၊ ဝီရိယ၊ ဆန္ဒ၊ စိတ်ဓာတ်နှင့် ပညာဆိုသည့် စွမ်းအားများရဲ့ တန်ဖိုးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်သဖြင့် အောင်မြင်မှုသရဖူများ ဆောင်းခဲ့ကြရသည့် သမီးငယ်များကိုကြည့်ပြီး မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာ ဆုံးမနည်းနီတိကို သတိရမိပါသည်။ ထိုနီတိမှာကား **"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ် ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏၊ ပညာမသုံး၊ နှလုံးမပျော်၊ လက်ရုံးကောင်းကား၊ တစ်ကြောင်းမျှသာ၊ စူးပမာသို့၊ လိုရာကိစ္စ၊ များမကျတည့်"**ပဲဖြစ်ပါတယ်။ နောက်ဆုံးအစီအစဉ်အနေဖြင့် သမီးငယ်များက **"ပညာရည်ထူးချွန်၊ လူရည်မွန်"**သီချင်းဖြင့် ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကတို့ ဦးဆောင်သည့်အဖွဲ့က ဆုရကျောင်းသူလေးများရှိရာသို့ သွားရောက်နှုတ်ဆက်အားပေးခဲ့ကြပါသည်။ သမီးငယ်များ၏ ရွှင်လန်းတက်ကြွသော မျက်နှာ၊ ရည်မှန်းချက်များဖြင့် ရွှန်းလက်နေသည့်မျက်ဝန်းများ၊ အပြုံးပန်းမှာလှိုင်နေသည့် နှုတ်ခမ်းလေးများဖြင့် ပြန်လှန်နှုတ်ဆက် ဂါရဝပြုနေကြပုံကို မြင်တွေ့ရခြင်းသည် ကျက်သရေအဖြာဖြာနှင့် ပြည့်စုံလှသည်ဟု ထင်မြင်မိပါသည်။

ကျောင်းသားကျောင်းသူများ၏ ဘဝတစ်ဆစ်ချိုးဖြစ်သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သာမန်အောင်မြင်မှု မဟုတ်ဘဲ ထူးချွန်ထက်မြက်စွာ ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သမီးငယ်များကို အားပေးချီးမြောက်ကြရန်မှာ ကျွန်မတို့အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်ပါသည်။ ကြိုးစားမှုအတွက် အသိအမှတ်ပြုပေးရမှာဖြစ်သကဲ့သို့ အောင်မြင်မှုများအတွက် မှတ်တမ်းတင်ဂုဏ်ပြုပေးရမှာဖြစ်ပါ၏။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝသယံဇာတအရင်းအမြစ်များ၊ နည်းပညာများရှိဖို့ လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကလည်း အဓိကကျသည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမည့် မျိုးဆက်သစ်လူငယ်များကို အားပေးချီးမြောက်ခြင်းသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်သည့် အမျိုးသမီးများ၏ စွမ်းပကားများဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့ပါ၍ ဂုဏ်ပြုခံသမီးငယ်များကဲ့သို့ **"ပန်းတိုင်းပွင့်ကြပြီး ပွင့်သောပန်းတိုင်းမွှေးကြပါစေ"**ဟု မုဒိတာများစွာဖြင့် ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

## ရထားစီးခရီးသည်များ အဆင်ပြေစွာစီးနင်းနိုင်ရေး

# တွဲတည်ဆောက်မှုအယူအဆနှင့် နည်းပညာများ ပြောင်းလဲကျင့်သုံး စက်ယန္တရားများ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း

နေပြည်တော် ဩဂုတ် ၂၉

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါ၍ ဩဂုတ် ၂၆ရက် နံနက်ပိုင်းက မြစ်ငယ်လူစီးတွဲ နှင့် ကုန်တွဲ စက်ရုံ၌ နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ဆောင်အဖြစ်ပေးအပ်သော လူစီးတွဲများကို မြန်မာ့မီးရထား၏ တံတားအတိုင်းအတာအတွင်း ဖြတ်သန်းနိုင်ရေးအတွက် ပြုပြင်မွမ်းမံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

**စနစ်တကျကိုင်တွယ်**

ယင်းနောက် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ရထားစီးခရီးသည်များ အဆင်ပြေစွာ စီးနင်းနိုင်ရေးအတွက် လက်ရှိ တွဲတည်ဆောက်မှု အယူအဆနှင့် နည်းပညာများကို လိုအပ်သောနေရာ၌ ပြောင်းလဲ ကျင့်သုံးရေး၊ အခြားနိုင်ငံများမှ တွဲအမျိုးမျိုး၏ အားနည်းချက်၊ အားသာချက်တို့ကို လေ့လာ၍ မိမိတို့အတွက် အကောင်းဆုံးဖြစ်မည့် တွဲဘိုဂီနှင့် တွဲဒီဇိုင်းများ ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်ဝသော ရထားဘီးများရရှိရေး၊ စက်ယန္တရားများ စနစ်တကျကိုင်တွယ်ထိန်းသိမ်းရေးတို့ကိုမှာကြားပြီး တွဲဘီးများကို အဆင့်မီ ဂဟေသားဖို့ခြင်း၊ ခုတ်စားပြုပြင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ထိန်းသိမ်းမြှင့်တင်**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးထွန်းဦးနှင့်အရာထမ်းများ၊ အလုပ်ရုံစုမှူးများအား တွေ့ဆုံ၍ ပြည်သူ့ဝန်ထမ်းပီသရေး၊ ခေတ်နှင့်အညီ နည်းပညာနှင့် အတွေ့အကြုံ အဆင့်မြင့်အောင် လေ့လာဆည်းပူး၍ စက်ရုံ၏ ထုတ်လုပ်မှု၊ စွမ်းဆောင်မှုကို မြှင့်တင်ရေး၊ ဌာန၏ဂုဏ်ကို အစဉ်အမြဲထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စများ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ်၂၇ ရက် နံနက်ပိုင်းတွင် ရွာထောင်ဒီဇယ် စက်ခေါင်းစက်ရုံ၌ စက်ရုံမှူး အထွေထွေမန်နေဂျာဦးမြင့်ခိုင်နှင့် အရာထမ်းများ၊ အလုပ်ရုံစုမှူးများအား တွေ့ဆုံ၍ နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေး ကဏ္ဍ၌ မြန်မာ့မီးရထားအနေဖြင့် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ရေး အတွက် ရထားစက်ခေါင်းနှင့် အဆင့်မြင့် လူစီးတွဲ၊ ကုန်တွဲများကို ပြည်တွင်း၌ ကိုယ့်အားကိုယ်ကိုး၍ ရာခိုင်နှုန်းပြည့် တည်ဆောက်နိုင်ရေးကိစ္စကို စတင် အကောင်အထည်ဖော်နေပြီ ဖြစ်သဖြင့် ရည်မှန်းချက် အောင်မြင်ရေးအတွက် ညီညွတ်သော စိတ်ဓာတ်၊ ခံယူချက်တို့ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး တာဝန်ရှိသူများ၏ လက်ရှိမြင်းကောင်ရေ ၁၁၀၀အား ဒီဇယ်ဟိုက်ဒြောလစ်စက်ခေါင်း လေ့ကျင့်တည်ဆောက်မှု လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းစီမံပေးပြီး စက်ရုံအတွင်း၌ စက်ခေါင်းများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ရေး စတင်ဆောင်ရွက်မှု အခြေအနေ၊ စက်ခေါင်းကြီးများ မွမ်းမံပြင်ဆင်မှုအခြေအနေ၊ လုပ်ငန်းသုံး သံလမ်းပြေး ယာဉ်တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကြည့်ရှုစစ်ဆေး

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင် ရထားစက်ခေါင်းများ မွမ်းမံပြင်ဆင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထား)




# အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်း တိုင်းဂုဏ်ဆောင်အနုပညာရှင်များ ဖြစ်စေရေးကြိုးပမ်း

ပုသိမ် ဩဂုတ် ၂၉

**ဧရာဝတီတိုင်း(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၅ရက်နံနက် ၉ နာရီက ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမဥ္စကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယ တိုင်းမှူးဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ လူမှုရေးအသင်းဝင်များ၊ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။**

အစီအစဉ်အရ တိုင်းမှူးက ပြိုင်ပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ နှစ်စဉ်အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးနေသည့် အခြေအနေ၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊အနုပညာ အဆင့်အတန်းမြင့်မားရေးနှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန် ခိုင်မာရေး၊ပြိုင်ပွဲ၏အသွင်သဏ္ဌာန်နှင့်အနှစ်သာရ ပိုပြင်တိုးတက်ကောင်းမွန်ရေး၊ ရိုးသားစွာယှဉ်ပြိုင်ပြီး စည်းကမ်းလိုက်နာကာ အရည်အချင်းရှိတိုင်းဂုဏ်ဆောင် အနုပညာရှင်များဖြစ်စေရန် ကြိုးပမ်းစွမ်းဆောင်သွားကြရေး မှာကြားသည်။

## မှာကြား

ထို့နောက် တိုင်းမှူးနှင့်ဇနီးအဖွဲ့ဝင်များသည် အဆင့်အလိုက်ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲကြီးကြပ်ရေးကော်မတီဝင်များအားတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၈၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကြံ့ခိုင်မှုနှင့် ခံနိုင်ဝန်ရှိအောင် အားဖြည့်တံတားတိုင်များဖြည့်စွက် သံကူကွန်ကရစ်တံတားတိုင်အဖြစ် တိုးတက်တည်ဆောက်ရန် ညွှန်ကြား

ရန်ကုန် ဩဂုတ် ၂၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၅ရက်က မြစ်ကြီးနားမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်းတိုင် ၄၀၆/၀၌ ခွဲကျောက်များကို ပြောင်းဖူးစေ့ပုံသဏ္ဌာန် ခင်းကြိတ်ထားသည့် ကျောက်ချောလမ်းကို လည်းကောင်း၊ မိုင်တိုင် ၄၁၁/၀ ရှိ ခလားယန် တံတား၊ မိုင်တိုင် ၃၉၂/၀ ရှိ တာပိန်မြစ်ကူး ကြိုးတံတားတို့၏ ကြံ့ခိုင်တောင့်တင်းမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဗန်းမော်မြို့ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးသို့ ရောက်ရှိသည်။**

## လိုအပ်ချက်များဖြည့်ဆည်း

ဝန်ကြီးအား အဆိုပါရုံး၌ ဗန်းမော်ခရိုင် အင်ဂျင်နီယာမှူး ဦးညီညီက ဗန်းမော်ခရိုင်အတွင်းရှိ လမ်းတံတားများအခြေအနေ၊ လုပ်ငန်းများဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်း တင်ပြရာ ဝန်ကြီးက ခရိုင်အတွင်းရှိ လမ်းများ၊ တံတားများ နှစ်အလိုက် တိုးတက်ကောင်းမွန်အောင် လုပ်ငန်းစီမံချက်များ သတ်မှတ်ချိန်အမီ အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

## မှာကြား

ဝန်ကြီးသည် ဩဂုတ်၂၆ ရက်တွင် ဗန်းမော်မြို့မှ တကောင်း-ဗန်းမော် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး မိုင်တိုင် ၃၆၅/၅ ရှိ ငါးမိုင်တံတားကိုလည်းကောင်း၊ မိုင်တိုင် ၃၆၂/၆ ရှိ မန်ရွှတ်ဘေလီတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လက်ရှိတံတားများ၏ ကြံ့ခိုင်မှုနှင့် ခံနိုင်ဝန် ပိုမိုရရှိအောင် အားဖြည့်တံတားတိုင်များ ဖြည့်စွက်တည်ဆောက်ပေးခြင်း၊ သံဟင်ဂလန်တိုင်စင်ကို သံကူကွန်ကရစ်တံတားတိုင်အဖြစ် တိုးတက်တည်ဆောက်နိုင်ရန်အတွက် ရုံးချုပ်(တံတားဒီဇိုင်းပုံထုတ်)နှင့် ညှိနှိုင်းဆောင်ရွက်ရန် အတွက် တာဝန်ရှိသူများအား မှာကြားသည်။

## ရောက်ရှိ

ဆက်လက်၍ ဝန်ကြီးသည် အဆိုပါလမ်းပေါ်ရှိ ဝက်တိုးဘေလီတံတား၊ စင်ခန်းတံတားနှင့် ကျန်တံတားများ၏ တောင့်တင်းခိုင်မာမှုကို ကြည့်ရှုစစ်ဆေး၍ မှာကြားပြီး ဆက်လက်ထွက်ခွာခဲ့ရာ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူး အဖွဲ့(၁၄)၏ ငါးအိုး-မဘိန်းလမ်းလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

## ရှင်းလင်းတင်ပြ

ဝန်ကြီးအား ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်အေးက ငါးအိုး-မဘိန်းလမ်းတွင် တစ်ကြောင်းထိုးလမ်းဖောက်လုပ်ပြီးစီးမှု၊ ပေ၄၀အကျယ် လမ်းတာပေါင်ချဲ့ခြင်း၊ ဖို့ခြင်းလုပ်ငန်းနှင့် ကျောက်ရော မြေခင်းကြိတ်ပြီးစီးမှု၊ သစ်သားတံတားနှင့် ရေပြွန်များ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## သတ်မှတ်ချိန်အမီ

ယင်းနောက် ဝန်ကြီးသည် ငါးအိုး-မဘိန်းလမ်းလုပ်ငန်းများ၊ တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် သွားရောက်စစ်ဆေး၍ ဝန်ကြီးက ဆောင်ရွက်ပြီး လမ်းအပိုင်းများ ပျက်စီးမှုနည်းပါးအောင် ထိန်းသိမ်းရန်၊ လမ်းရောတံတားပါ သတ်မှတ်စံချိန်စံညွှန်းများ အတိုင်း တိကျစွာ လိုက်နာလုပ်ဆောင်ရန်နှင့် ပေ ၄၀အကျယ် လမ်းချဲ့ရန်ကျန်သည့် လမ်းအပိုင်းနှင့် ကျောက်ရောမြေခင်းရန် ကျန်သည့် လမ်းအပိုင်းများကို သတ်မှတ်ချိန်အမီဆောင်ရွက်ရန် မှာကြား၍ တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။ **(သတင်းစဉ်)**

# MRTV-4…ရုပ်မြင်သံကြား အစီအစဉ်

**၃၀-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | သူချစ်ကိုယ်ချစ် မေတ္တာစစ် တရားတော် (အရှင်ဆေကိန္ဒ) (ပထမပိုင်း-၂) |
| ၇း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | ထက်မြက်ထူးခြား Arkido အားကစား |
| ၈း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၅ | ကလေးတို့အတွက် လက်ဆောင် (ဖွန်းနှင့် ခွက်ရုပ်ခေါက်နည်း) |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၁၀ | မောင်မြန်မာလျှပ်စစ်စက်ဘီး (ရီဝေယံ၊ ပုလဲဝင်း) |
| ၉း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၂၀ | MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ ဦးအောင်မွန် (မြတ်ဆုမွန်)နှင့် တွေ့ဆုံခြင်း] |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | ပတ်ဝန်းကျင် သန့်ရှင်းဖို့ရာ "ရေဆိုးသန့်စင်စက်ရုံ"က ကူညီမှာ |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | Midweek Sports News |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | Myanmar Video Rhythm |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | မြန်မာစာ၊ မြန်မာစကား(၅) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# နတ်မောက်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် သံဃိဂီဦးကျောင်း ပဓာနဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသ အားအမှူးထား၍ နတ်မောက်မြို့နယ် အသင်း (ရန်ကုန်)က နတ်မောက်မြို့နယ်ဖွား နာယကဆရာတော်ကြီး ၂၂ ပါးတို့အား (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် တော်သလင်း လဆန်း ၁၂ ရက် စက်တင်ဘာ ၃ ရက်(တနင်္ဂနွေ)နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာစုပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများလှူဒါန်းလိုသူများသည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ ဖုန်း-၅၁၂၀၆၆၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးအောင်ကြည် ဖုန်း-၇၂၅၁၂၇၊ ဦးစိုးမြင့် ဖုန်း-၃၈၀၅၁၁၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁ နှင့်နီးစပ်ရာအမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



# လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်အင်းစိန်လမ်းရှိ R.I.R ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ရန်ကုန်အင်းစိန်လမ်း R.I.R ဓာတ်အားခွဲရုံကို ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စုစုပေါင်း တပ်ဆင်ဝန်အား (၃၃/၁၁)ကေဗွီ(၁၀) အမ်ဗွီအေထရန်စဖော်မာ သုံးလုံးဖြင့် လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်များသို့ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်း ၁၁ လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးနေမှုများကို ရှင်းလင်းတင်ပြသည်။**

## ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် ဓာတ်အားခွဲရုံအတွင်း ငွေလက်ခံကောင်တာ ဖွင့်လှစ်ထားရှိမှု၊ ဓာတ်အားခ ကောက်ခံရရှိမှုတို့ကိုလည်းကောင်း၊ (၃၃/၁၁) ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာများ ဓာတ်အားရယူ၍ ပြန်လည်ဓာတ်အား ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁)၌ တည်ရှိသော ဆင်နှစ်ကောင်ကုမ္ပဏီ၏ သံထည်တည်ဆောက်မှု စက်ရုံသို့ ရောက်ရှိရာ**(အပေါ်ပုံ)** မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဖေက စက်ရုံအတွင်း သံထည်တည်ဆောက်မှု လုပ်ငန်းရှိ စက်ယန္တရားများ၊ စက်ကိရိယာများဖြင့် သံပြားများ ပုံဖော်ဖြတ်တောက်ခြင်း(Shape Cutting)၊ သံပြားများ စောင်းဖော်ခြင်း (Bevelling Cutting)၊ လေဆိပ် အဆောက်အအုံများအတွက် တည်ဆောက်ပေးလျက်ရှိသော လေယာဉ်တက်တံတားများ ထုတ်လုပ်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ သံပေါင်များ သံချေးချွတ်ခြင်းလုပ်ငန်းများ၊ GSM တာဝါတိုင်များ ထုတ်လုပ်နေမှုနှင့် သံပြားလိပ်များကို လိုအပ်သော အတိုင်းအတာအတိုင်း ဖြတ်တောက်မှုများကိုလည်းကောင်း၊ အမိုး ပါလင် (Purling)ထုတ်လုပ်နေမှုနှင့်ရောင်စုံ အမိုးပြားများ ထုတ်လုပ်နေမှုများ၊ သံပိုက်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ကို စက်မှုဇုန်ခွဲရုံမှ (၆၆/၁၁) ကေဗွီ (၃၀) အမ်ဗွီအေ တစ်လုံး၊ (၃၃/၁၁) ကေဗွီ ဒဂုံ(တောင်)ခွဲရုံ (၃၅) အမ်ဗွီအေ တစ်လုံး၊ (၃၃/ ၆ ဒသမ ၆) ကေဗွီ ရွာသာကြီးခွဲရုံ (၇) အမ်ဗွီအေဖြင့် ဓာတ်အားပို့လွှတ်ထားပြီး အများပြည်သူများသို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှုကို လည်းကောင်း၊ မြို့နယ်အတွင်းရှိ စက်မှုဇုန်သုံးခုအတွက် MTET(၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ စက်မှုလယ်ယာ(၃၃/၁၁)ကေဗွီ(၃) အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် Asia World (၃၃/၁၁)ကေဗွီ(၁ဒသမ ၂၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတိုးမြှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် ဓာတ်အားသုံးစွဲခ ကောက်ခံရရှိမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေအိုးက ဒဂုံမြို့သစ်(မြောက်ပိုင်း) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ (၃၃/၁၁) ကေဗွီ ကုန်ပဒေသာဓာတ်အားခွဲရုံသို့ ရောက်ရှိလာပြီး မြို့နယ်အတွင်းသို့ (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာ ဖြင့် (၃၃)ကေဗွီ သာကေတ-ဒဂုံ(မ) ဓာတ်အားလိုင်းပေါ်မှ ဓာတ်အားလိုင်း (၅)ဖီဒါခွဲဝေ၍ ဓာတ်အားဖြန့်ဖြူးထားရှိမှု၊ ဓာတ်အားခွဲရုံရှိ ဓာတ်အားသုံးစွဲမှု အခြေပြဇယားကို နာရီစဉ်အလိုက် မှတ်တမ်းပြုစုထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

✡ **ရှေ့ဖုံး**

မြန်မာအသင်းသည် ပွဲစသည်နှင့် အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားရာ ဘောလုံးပိုင်ဆိုင်မှု ပိုမိုများခဲ့သည်။ အင်ဒိုနီးရှားအသင်းက တစ်ဦးချင်းဘောလုံးကျွမ်းကျင်မှုကို အဓိကထားပြီး ကစားသွားသည်။ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ထိရောက်သောဂိုးသွင်းခွင့်များမရခဲ့ချေ။ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေပွဲ ဖြစ်နေသည်။

**ဒုတိယပိုင်း**

ဒုတိယပိုင်းပွဲစပြီး မကြာမီ အင်ဒိုနီးရှားအသင်း၏ ညာဘက်ခြမ်းမှ စိုးမြတ်မင်း ဂိုးရှေ့သို့ကန့်လန့်ဖြတ်ချိုးပေးသည့်ဘောလုံးကို တိုက်စစ်မှူး ကျော်သူရ ကန်သွင်းရာ ဂိုးအပေါ်မှကျော်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။ မြန်မာအသင်းမှ ခင်မောင်ထွန်း ဘောလုံးရရှိသွားပြီး ဂိုးသွင်းရန် ကြိုးစားရာ မလေးရှားဂိုးသမား ရှေ့ထွက်၍ဖျက်ထုတ်သဖြင့် အလွတ်တည်ကန်ဘော ရရှိခဲ့သည်။ အဆိုပါ အလွတ်တည်ကန်ဘောကို မင်းသူက ကန်သွင်းရာ ဂိုးဘားတန်းပေါ်မှ ကျော်သွားခဲ့သည်။

ပွဲအပြီးတွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားရာ မြန်မာဘောလုံးသမားများ နိုင်ငံတော်အလံကို ဝှေ့ယမ်းကာ ပရိသတ်များနှင့်အတူ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။

**လိုက်ပါဆောင်ရွက်**

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ နည်းပြများ အဖြစ် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာ အောင်ကျော်ဦး၊ သူနာပြုအဖြစ်ဦးညွန့်လင်း၊ လေ့လာသူအဖြစ် ဦးအေးမောင်လေးနှင့် ဦးတင်ဟန်တို့ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး၊ ကိုကိုအောင်၊ **(နောက်တန်း)** မင်းသူ၊ ဇော်လင်းထွန်း (၂)၊ မိုးဝင်း၊ ခင်မောင်လွင်၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ **(အလယ်တန်း)** စိုးသီဟအောင်၊ အောင်မျိုးသန့်၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ဇော်ဇော်၊ ခင်မောင်ထွန်း၊ အောင်မြင့်အေး၊ **(ရှေ့တန်း)** စည်သူဝင်း၊ ရန်ပိုင်၊ ကျော်သူရတို့ ပါဝင်ခဲ့ကြသည်။

# မာဒေးကားဘောလုံးပြိုင်ပွဲ၌ မြန်မာအသင်းပါမှသာ ပရိသတ်များပြား မလေးရှားမြေသည် မြန်မာအသင်း၏ အောင်မြေဟုဆိုရမည်ဖြစ်

**ဦးဆောင်ဂိုး**

မြန်မာအသင်းက အဆက်မပြတ် ထိုးဖောက်ကစားရာ ၆၂ မိနစ်တွင် နောက်တန်းဘယ်အစွန်လူ ခင်မောင်လွင် ဘောလုံးရသွားပြီး အင်ဒိုနီးရှားဂိုးရှေ့သို့ ကန်ပို့ပေးရာ အင်ဒိုနီးရှား နောက်ခံလူနှင့်ထိပြီး ကျလာသည့်ဘောလုံးကို တိုက်စစ်မှူးကျော်သူရက မနားတမ်းကန်သွင်းယူ၍ ဦးဆောင်ဂိုးရရှိခဲ့သည်။ အင်ဒိုနီးရှားအသင်းက ဂိုးပေးလိုက်ရပြီးနောက် တိုက်စစ်ဖွင့်ကစားရာ မြန်မာအသင်း ဂိုးပေးရလု အနေအထားဖြစ်ခဲ့သည်။ အင်ဒိုနီးရှားအသင်း ကန်သွင်းသည့်ဘောလုံးသည် မြန်မာဂိုးဘားတန်း ထိထွက်ခဲ့ပြီး ထပ်ဆင့်ကန်သွင်းရာတွင်လည်း ဂိုးတိုင်ခြေကိုထိထွက်သွား၍ မြန်မာအသင်း သက်သာခဲ့ရသည်။

**ဒုတိယဂိုး**

မြန်မာအသင်းက ပြန်လည်ထိုးဖောက်ကစားရာ ထောင့်ကန်ဘောရရှိခဲ့သည်။ ပွဲချိန် ၈၅မိနစ်တွင် မြန်မာအသင်းက ထောင့်ကန်ဘောမှ တစ်ဆင့်ကန်ပို့ရာ စည်သူဝင်းက ခေါင်းတိုက်ပေးသည့် ဘောလုံးကို စိုးမြတ်မင်းက ထပ်ဆင့်ခေါင်းတိုက်ယူသဖြင့် ဂိုးဝင်သွားသည်။ မြန်မာအသင်း ဒုတိယဂိုး ရရှိသွားရာ ဗိုလ်စွဲရန်သေချာသလောက် ဖြစ်ခဲ့ရသည်။

**ချေပဂိုး**

အင်ဒိုနီးရှားအသင်းက ဒုတိယဂိုးပေးရပြီးနောက် ချက်ချင်းဆိုသလို ထိုးဖောက်ကစားရာ ချေပဂိုးတစ်ဂိုး ရရှိသွားသည်။ ပွဲချိန် ၈၇မိနစ်တွင် အင်ဒိုနီးရှားအသင်းက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူ၍ ချေပဂိုးတစ်ဂိုး ရရှိသွားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ချေပဂိုးတစ်ဂိုး ပေးလိုက်ရသော်လည်း ခြေပျက်မသွားဘဲ တည်တည်ငြိမ်ငြိမ်ဖြင့် ကစားနိုင်ခဲ့သည်။ မြန်မာအသင်းမှ တိုက်စစ်မှူးကျော်သူရအစား အောင်ကျော်မိုးကို လူစားလဲ၍ အင်အားဖြည့်ခဲ့သည်။

အင်ဒိုနီးရှားအသင်းကို အနိုင်ရရှိခဲ့သော နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်း၌ **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** မင်းသူ၊ ခင်မောင်လွင်၊ မိုးဝင်း၊ ဇော်လင်းထွန်း(၂)၊ **(အလယ်တန်း)** ကျော်သူရ(အောင်ကျော်မိုး)၊ စိုးမြတ်မင်း၊ အောင်မြင့်အေး၊ အောင်မျိုးသန့်၊ ခင်မောင်ထွန်း၊ **(ရှေ့တန်း)** စည်သူဝင်းတို့ပါဝင်ကစားခဲ့ကြသည်။

ပထမဆုံးအကြိမ်

**မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ၁၉၅၇ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ၂၀၀၁ခုနှစ်၌ နောက်ဆုံးကျင်းပခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် (၁၇)ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမသုံးကြိမ်[၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁]၊ ဒုတိယသုံးကြိမ် (၁၉၆၆၊ ၁၉၆၈၊ ၁၉၇၀)၊ တတိယဆု လေးကြိမ်(၁၉၆၅၊ ၁၉၆၉၊ ၁၉၇၃၊ ၁၉၇၅)ဆွတ်ခူး ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ၁၉၇၅ခုနှစ်မှစ၍ တတိယဆုရရှိခဲ့ပြီး နောက် နှစ်ပေါင်း၃၀ အတွင်း ပထမဆုံးအကြိမ် ဗိုလ်စွဲ နိုင်ခဲ့ခြင်းဖြစ်သည်။**

**အုပ်စုပထမ**

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင် မလေးရှားအသင်းနှင့်အတူ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားတို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ လေးသင်းပတ်လည် ယှဉ်ပြိုင်ကစားပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ရရှိသည်။ မြန်မာနှင့်အင်ဒိုနီးရှားတို့ရမှတ် ငါးမှတ်စီ တူညီသော်လည်း သွင်းဂိုးရလဒ်အရ မြန်မာအသင်းက အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက အုပ်စုဒုတိယရရှိခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် လေးသင်းပတ်လည် ပွဲစဉ်၌ ထိုင်းအသင်းနှင့် နှစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားအသင်းနှင့် ဂိုးမရှိသရေကျပြီး အိမ်ရှင်မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်းအသင်းနှင့် နှစ်ဂိုးစီ သရေကျသောပွဲတွင် မြန်မာအသင်းအတွက် စည်သူဝင်း(ပြည်ထဲရေး)က ချေပဂိုးနှစ်ဂိုးသွင်းယူပေးခဲ့သည်။ အိမ်ရှင်မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသောပွဲတွင် ကျော်သူရ(ဘဏ္ဍာ/အခွန်)က ချေပဂိုးသွင်းယူပြီး စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)က အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

**အောင်မြင်မှု**

အာဆီယံဒေသတွင်း၌ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့သည် ဘောလုံးအင်အားကြီးနိုင်ငံများဖြစ်ကြသည်။ ယခုပြိုင်ပွဲ၌ ဗီယက်နမ်အသင်း မပါဝင်သည်မှလွဲ၍ ဘောလုံးအင်အားကြီးနိုင်ငံများ ယှဉ်ပြိုင်ကြသည်ဖြစ်ရာ အဆင့်မြင့်ပြိုင်ပွဲတစ်ခုဖြစ်သည်။ **တစ်ချိန်သောအခါက မြန်မာအသင်း ချန်ပီယံဆုဖလားများဆွတ်ခူးနိုင်ခဲ့ပြီး အစဉ်အလာကောင်းများ ပိုင်ဆိုင်ခဲ့သည်။ ယခုပြိုင်ပွဲ၌ မြန်မာအသင်း ဗိုလ်စွဲနိုင်ခြင်းသည် မြန်မာ့ဘောလုံးအားကစားနည်း၏ အောင်မြင်မှုပင်ဖြစ်သည်။**

**ဆုံတွေ့ခဲ့ဖူး**

မြန်မာနှင့်အင်ဒိုနီးရှားအသင်းတို့သည် မာဒေးကားဖလားဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက်၌ ၁၉၇၁ ခုနှစ် ဗိုလ်လုပွဲစဉ်၌ ဆုံတွေ့ခဲ့ဖူးရာ မြန်မာအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ယခုပြိုင်ပွဲ၌ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို အနိုင်ရဗိုလ်စွဲခြင်းသည် တစ်ကျော့ပြန်အောင်နိုင်မှုပင်ဖြစ်သည်။ မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကျင်းပသည့် မလေးရှားမြေသည် မြန်မာအသင်း၏ အောင်မြေဟုဆိုရမည်ဖြစ်သည်။ တစ်ချိန်သောအခါက မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ မြန်မာအသင်းပါမှသာ ပရိသတ်များပြားပြီး ပွဲစည်သဖြင့် မြန်မာနိုင်ငံသို့ပင် လာရောက်ဖိတ်ကြားရသည်အထိ ဖြစ်ခဲ့သည်။

မြန်မာအသင်း၏ ယနေ့ပွဲအနိုင်ရရှိမှုသည် နိုင်ငံတော်၏ အားပေးချီးမြှောက်မှု၊ အားကစားသမားများ၏ စိတ်ဓာတ် စည်းကမ်းကောင်းမွန်မှုနှင့် အုပ်ချုပ်သူ၊ နည်းပြတို့၏ ညွှန်ကြားပြသမှုကိုလိုက်နာပြီး အနိုင်ရရှိရေးအတွက် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာဘောလုံးအသင်း၏ရပ်တည်မှုများ

| | |
|---|---|
| ၁၉၅၇ | ပထမအဆင့် |
| ၁၉၆၂ | အုပ်စုအဆင့် |
| ၁၉၆၄ | ပထမ |
| ၁၉၆၅ | ပူးတွဲတတိယ |
| ၁၉၆၆ | ဒုတိယ |
| ၁၉၆၇ | ပထမ |
| ၁၉၆၈ | ဒုတိယ |
| ၁၉၆၉ | တတိယ |
| ၁၉၇၀ | ဒုတိယ |
| ၁၉၇၁ | ပထမ |
| ၁၉၇၂ | အုပ်စုအဆင့် |
| ၁၉၇၃ | တတိယ |
| ၁၉၇၅ | တတိယ |
| ၁၉၇၆ | စတုတ္ထ |
| ၁၉၇၇ | အဆင့်(၆) |
| ၁၉၇၉ | အဆင့်(၄) |
| ၁၉၈၀ | အဆင့်(၆) |
| ၂၀၀၆ | ပထမ |

(မြန်မာ့အလင်း)

# မူကြိုကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး ဆရာမများသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီး ဌာန ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မူကြိုအရွယ် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဆရာမများသင်တန်း ၁/၂၀၀၆ ဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

သင်တန်း၌ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်များမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

**ကြိုဆိုနှုတ်ဆက်**

ထိုသို့ ကြိုဆို နှုတ်ဆက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစု များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကိုကိုင်ဆောင်၍ နံနက် ၁၁နာရီ ၄၅မိနစ်တွင် လေယာဉ်ပေါ်မှ ဆင်းသက်လာကြရာ လေယာဉ်လှေကားထိပ်မှ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိ ကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ပန်းကုံးများစွပ်**

ယင်းနောက် အောင်ပွဲရမြန်မာ့တပ်မတော် ပြေးခုန်ပစ် အဖွဲ့အား တပ်မတော်မိသားစုများက ပန်းကုံးများစွပ်၍လည်းကောင်း၊ ပန်းစည်းများကမ်းလှမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တွေ့ဆုံဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာ့ အားကစားလောကအတွက် တပ်မတော်မှ ထူးချွန်ထက်မြက်သော အားကစားသမားများကို မွေးထုတ်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ယခု ပထမဦးဆုံးအကြိမ်ယှဉ်ပြိုင်သည့် ပြိုင်ပွဲမှအောင်မြင်မှုရသည်များကို ဆက်လက်ထိန်းသိမ်းပြီး နောက်နှစ်များတွင် ပိုမိုအောင်မြင်မှုရရှိရေးအတွက် အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်ကာ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။

**ပါဝင်ယှဉ်ပြိုင်ခဲ့**

စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည် Singapore Army Half Marathon-2006 ပြိုင်ပွဲကို ဩဂုတ် ၂၇ရက်တွင် ကျင်းပခဲ့ရာ မြန်မာ့တပ်မတော် ပြေးခုန်ပစ်အားကစားသမား၁၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အလွတ်တန်း အသက်(၄၀) အထက်ပြိုင်ပွဲတွင် မြန်မာ၊အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ မလေးရှား၊ အိန္ဒိယနှင့် ဗြိတိန်နိုင်ငံများမှ တပ်မတော်သား အားကစားသမားများနှင့် စင်ကာပူနိုင်ငံမှ တပ်မတော်သားနှင့် ပြည်သူ အင်အား၆၅၀၀၀ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ရေ)မှ ဒုတိယအရာခံဗိုလ်လှသိန်းထွန်းက ပထမရွှေတံဆိပ်ဆုနှင့် ဆုငွေ အမေရိကန်ဒေါ်လာ၂၅၀ ရရှိခဲ့သည်။

**ရရှိခဲ့**

အလွတ်တန်းပြိုင်ပွဲတွင်တပ်မတော်(ကြည်း) မှ တပ်ကြပ်ကြီး မြတ်ဆုအောင်က နဝမဆုနှင့် ဆုငွေ အမေရိကန်ဒေါ်လာ ၁၅၀နှင့် တပ်မတော်(ကြည်း)မှ တပ်ကြပ်ကြီးခင်မောင်သန်းက ဒသမ ဆုနှင့် ဆုငွေ အမေရိကန်ဒေါ်လာ ၁၀၀ အသီးသီးရရှိခဲ့ကြသည်။ **(သတင်းစဉ်)**



**မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ၂၀၀၆ ခုနှစ်မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁၈ရက်က မြဝတီမြို့ အားကစားကွင်း၌ကျင်းပရာ ရွှေကုက္ကိုအသင်းက အမှတ်(၄)ရပ်ကွက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်က ရွှေကုက္ကိုဘောလုံးအသင်းအား ဒိုင်းဆုချီးမြှင့်စဉ်။** (၂၂၂)

# ကမ္ဘာတစ်လွှား အားကစား

## ရီးရဲမက်ဒရစ်နှင့် စာချုပ်သစ် မချုပ်ဟု ဒေးဗစ်ဘက်ခမ်းငြင်းဆို



ရီးရဲမက်ဒရစ်နှင့်ထပ်မံစာချုပ်ရန် ငြင်းဆိုလိုက်သော ဒေးဗစ်ဘက်ခမ်း။

ရေးသားတင်ပြသူ
မြင့်မောင်စိုး

**မက်ဒရစ် ဩဂုတ် ၂၉**

ရီးရဲမက်ဒရစ် အသင်းတွင် စာချုပ်သစ် ထပ်မံချုပ်ဆိုလိမ့်မည် မဟုတ်ကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားလိုက်သည်။

### သက်တမ်းကုန်ဆုံးမည်

သို့ရာတွင်ရီးရဲမက်ဒရစ်ကအသက် ၃၁ နှစ်ရှိ အဆိုပါ ကစားသမား၏ အနာဂတ်နှင့်စပ်လျဉ်း၍ ဆွေးနွေးလျက်ရှိသည်။ ဘက်ခမ်းသည် ရီးရဲမက်ဒရစ်နှင့် စာချုပ်ချုပ်ထားခဲ့ရာတွင် ယခုနှစ်ကုန်လျှင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

### မီဒီယာများကဖော်ပြ

သို့သော်လည်း ဘက်ခမ်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် နှစ်နှစ်စာချုပ်သစ်ထပ်မံချုပ်ဆိုလိုက်ကြောင်း မီဒီယာများက ဖော်ပြသည်။ သို့ရာတွင်စာချုပ်သစ်ချုပ်ဆိုမှုမရှိကြောင်း ဘက်ခမ်းက ပြောကြားသည်။

ဘက်ခမ်းသည် ၂၀၀၃ခုနှစ်တွင် မန်ချက်စတာယူနိုက်တက် အသင်းမှ ရီးရဲမက်ဒရစ် အသင်းသို့ ပေါင်၂၄ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် ရီးရဲမက်ဒရစ်နှင့် လေးနှစ်စာချုပ်ခဲ့သည်။

### ဖလားတစ်လုံးမျှမရ

သို့သော်လည်းလွန်ခဲ့သောသုံးရာသီတွင် ဘက်ခမ်းရောက်လာပြီးနောက် ရီးရဲမက်ဒရစ်အသင်းမှာဖလားတစ်လုံးမျှ မရရှိခဲ့ပေ။

### ရွေးချယ်ခြင်းမရှိ

ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့လျှင် ဇန်နဝါရီလတွင် အခြားကလပ် အသင်းများသို့ အလွတ် ပြောင်းရွှေ့ရဖွယ်ရှိသည်။ နည်းပြသစ် မက်ကလာရင်က ၎င်း၏ ပထမဆုံး အင်္ဂလန်အသင်း ကြေညာရာတွင် အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းအားရွေးချယ်ခြင်းမရှိခဲ့ချေ။ **(အင်တာနက်)**

## ယူရို ၂၀၀၈ခြေစစ်ပွဲအဖွင့် ဖာဒီနန်ပါဝင်ကစားနိုင်မည်

**လန်ဒန် ဩဂုတ် ၂၉**

အင်္ဂလန်နောက်တန်းကစားသမား ဖာဒီနန်သည် ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် အင်ဒိုရာနှင့် မက်ဆီဒိုးနီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်အသင်းတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

### ဆုံးဖြတ်

၎င်းသည် မန်ယူက ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည့်ပွဲတွင် ခြေချောင်းကျိုးသွားသည်ဟု စိုးရိမ်ကြောင့်ကြမှု ဖြစ်စေခဲ့သည်။ ၎င်းခြေချောင်းအား ဩဂုတ် ၂၈ရက်က ဓာတ်မှန်ရိုက်ကြည့်ပြီးနောက် ပြင်းထန်စွာ ကျိုးပဲ့ခြင်းမရှိ၍ အင်္ဂလန်အသင်း၌ ပါဝင်ကစားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

### ယှဉ်ပြိုင်ကစားမည်

အင်္ဂလန်အသင်းသည် စက်တင်ဘာ ၂ရက်တွင် အင်ဒိုရာအသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၆ရက်တွင် မက်ဆီဒိုးနီးယားအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(အင်တာနက်)**



ယူရို ၂၀၀၈ ခြေစစ်ပွဲအဖွင့်၌ပါဝင်မည့် မန်ယူမှ ဖာဒီနန်။



ဘိုင်ယန်မြူးနစ်မှ အင်္ဂလန် ကစားသမား ဟားဂရေ့ဗ်

## ဘိုင်ယန်မြူးနစ်သို့ဘွမ်မဲလ်ရောက် ဟားဂရေ့ဗ်မန်ယူသို့ရောက်ဖွယ်

**ဘိုင်ယန်မြူးနစ် ဩဂုတ် ၂၉**

ဘိုင်ယန်မြူးနစ်အသင်းက မတ်ခ်ဗန်ဘွမ်မဲလ်ကို ယနေ့ခေါ်ယူလိုက်သဖြင့် အိုဝင်ဟားဂရေ့ဗ်အား ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန် နီးစပ်သွားစေခဲ့သည်။

ဘာစီလိုနာအသင်းမှဘွမ်မဲလ်ရောက်ရှိလာ၍ဟားဂရေ့ဗ်အား မန်ယူသို့ ထွက်ခွာခွင့်ပေးလိမ့်မည်မဟုတ်ကြောင်း ဘိုင်ယန်မြူးနစ် မန်နေဂျာ ယူလီဟိုးနက်စ်ကအခိုင်အမာ ပြောကြားလိုက်သည်။

သို့ရာတွင် ဟားဂရေ့ဗ် ဂျာမန်ကလပ်မှ ထွက်ခွာသွားစေလိမ့်မည်ဖြစ်ကြောင်း ဘွမ်မဲလ်ကအရိပ်အမြွက် ပြောကြားခဲ့သည်။ဘွမ်မဲလ်အား ဘိုင်ယန်မြူးနစ်က ပေါင် ၈သန်းဖြင့် သုံးနှစ်စာချုပ်လိမ့်မည်ဟု မျှော်လင့်ရသည်။

မိမိအနေဖြင့် ဘာစီလိုနာမှ ထွက်လာရခြင်းမှာ သီတင်းပတ်တိုင်းပါဝင်ကစားရန် အာမခံချက်အလုံအလောက် မရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဘွမ်မဲလ်ကပြောကြားသည်။

အသက် ၂၅နှစ်ရှိ ဟားဂရေ့ဗ်က မိမိသည် မန်ယူသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိကြောင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။ အင်္ဂလန်ကစားသမား ဟားဂရေ့ဗ်အား ၂၀၁၀ပြည့်နှစ်အထိ ဘိုင်ယန်မြူးနစ်က စာချုပ်ထားပြီးဖြစ်ရာ ဂျာမန်အသင်း၌ ဆက်ထားရန်ဆုံးဖြတ်ထားသည်။ **(အင်တာနက်)**

## စပိန်လာလီဂါပွဲစဉ်များစတင် ဘာစီလိုနာနိုင်၊ ရီးရဲမက်ဒရစ် သရေကျ

**မက်ဒရစ် ဩဂုတ် ၂၉**

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ်များကို စတင်ကစားပြီဖြစ်ရာ ဩဂုတ် ၂၈ရက်က ကစားခဲ့သော ဆဲလ်တာဗီဂိုနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဩဂုတ် ၂၇ရက်က ကစားခဲ့သော လာလီဂါပွဲစဉ်၌ နာမည်ကြီး ရီးရဲမက်ဒရစ်တို့ ဗီလာရီးရဲနှင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

### ဆဲလ်တာဗီဂိုနှင့် ဘာစီလိုနာ

ယခုနှစ် လာလီဂါပထမဆုံးပွဲစဉ်ဖြစ်သည့်အတိုင်း ဘာစီလိုနာတို့အစွမ်းကုန်ကြိုးစားခဲ့ရာ ရော်နယ်ဒင်ဟိုမပါသော်လည်း အနိုင်ကစားနိုင်ခဲ့သည်။ မက်ဆီ၊ အီတူးတို့ ဦးဆောင်သော ဘာစီလိုနာသည် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဆဲလ်တာဗီဂိုတို့ အား ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း အိမ်ရှင်ဆဲလ်တာဗီဂိုတို့က ကွင်းလယ်တွင် လေးယောက်ထားကာ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သဖြင့် ဂိုးမရဘဲရှိနေရာ ပွဲချိန် ၄၂ မိနစ်တွင် ဆဲလ်တာဗီဂို တိုက်စစ်မှူး ဘိုင်ရာနို့က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။



ဘာစီလိုနာမှ တိုက်စစ်မှူး အီတူး ချေပဂိုးသွင်းပြီး ဤသို့ အောင်ပွဲခံခဲ့သည်။

ပထမပိုင်းတွင် ဘာစီလိုနာတို့ချေပဂိုး မသွင်းနိုင်ဘဲရှိနေရာ ဒုတိယပိုင်း ပွဲချိန် ၅၆ မိနစ်ရောက်မှသာ အီတူးက တစ်ဂိုး သွင်းယူချေပကာ မိနစ် ၆၀တွင် ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီက တစ်ဂိုး ထပ်မံသွင်းယူလိုက်သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။

ခုခည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

သို့သော်လည်း ပွဲချိန်၆၅မိနစ်တွင် ဆဲလ်တာဗီဂို ကွင်းလယ်ကစားသမား လိုပက်ဇ်က တစ်ဂိုးသွင်းယူလိုက်သဖြင့် နှစ်ဂိုးစီဖြစ်နေရာမှ ပွဲချိန်၈၈ မိနစ်တွင် ဂူလီအစားဝင်လာသူ ဂတ်ဂျွန်ဆင်က ဘာစီလိုနာအတွက် အနိုင်ဂိုးသွင်းယူပေးသဖြင့် ဘာစီလိုနာတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### ရီးရဲမက်ဒရစ်နှင့် ဗီလာရီးရဲ

လာလီဂါအဖွင့်ပွဲစဉ်၌ပင် နာမည်ကြီး ရီးရဲမက်ဒရစ်တို့ သရေပွဲကြုံလိုက်ရပြီဖြစ်သည်။ မန်ယူမှ ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့လာသည့် တိုက်စစ်မှူးအသစ် နစ္စတယ်ရွိုင်းလည်း ဂိုးရအောင်မသွင်းနိုင်ခဲ့ချေ။ အိမ်ကွင်း၌ ရီးရဲမက်ဒရစ်တို့ အနိုင်ယူရန်ပြင်ဆင်ခဲ့ရာတွင် နစ္စတယ်ရွိုင်း၊ ရာအူးလ်နှင့် ကက်ဆာနိုတို့ တိုက်စစ်အတွဲကိုပွဲထုတ်ခဲ့သော်လည်း တစ်ဂိုးမျှမရရှိသဖြင့် ရီးရဲမက်ဒရစ် ကလပ်ဘုတ်အဖွဲ့ ရင်လေးခဲ့ရသည်။

ဒေးဗစ်ဘက်ခမ်း၊ အီမာဆင်နှင့်ဒိုင်ယာရာတို့ အလယ်တန်းမှ ပံ့ပိုးပေးသဖြင့် ရီးရဲမက်ဒရစ်တို့ ဂိုးသွင်းခွင့် အခွင့်အရေး ၁၄ ကြိမ်ရရှိပြီး သုံးကြိမ်အပိုင်ကန်သွင်းခဲ့သော်လည်း ဂိုးမရရှိသလို ဗီလာရီးရဲတို့ကလည်း အိမ်ရှင်အပေါ်ခြေရည်တူ ကစားနိုင်ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများရအောင် ကြိုးစားနိုင်ခဲ့သော်လည်း ဂိုးမရရှိခဲ့ချေ။ ပွဲချိန်ပြည့်သည့်အထိ တစ်ဂိုးမျှမသွင်းနိုင်သဖြင့် ရီးရဲမက်ဒရစ်တို့ လာလီဂါအဖွင့်ပွဲစဉ်၌ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဒီပို့တီဗို | ၃ - ၂ | ရီးရဲဇာရာဂိုဇာ |
| အက်စ်ပန်ညို | ၀ - ၁ | ဂင်နာစတစ် |
| ရီခရီယေတီဗို | ၁ - ၁ | မာယော့ကာ |
| အိုဆာဆူနာ | ၀ - ၂ | ဂီတာဖေးလ် |
| ဘီဘာအို | ၁ - ၁ | ဆိုစီဒက် |
| ရေးဆင်း | ၀ - ၁ | အက်သလက်တီကို |

**(အင်တာနက်)**



ပို့စ်မောက်မှ တိုဒိုရော့(ဝဲ)က မစ်ဒယ်ဘရော့ဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။

## ပို့စ်မောက်က မစ်ဒယ်ဘရော့ကို လေးဂိုးပြတ်နိုင်

ပရီမီယာလိဂ်ပွဲစဉ်(၃) လက်ကျန်ပွဲအဖြစ် မစ်ဒယ်ဘရော့နှင့် ပို့စ်မောက်တို့ ဩဂုတ် ၂၈ ရက်က ယှဉ်ပြိုင်ကစားရာ ပို့စ်မောက်က လေးဂိုးပြတ်သွင်းအနိုင်ယူခဲ့သည်။

### ဂိုးပြတ်အနိုင်ရ

ချယ်လ်ဆီးကို အနိုင်ကစားခဲ့သော မစ်ဒယ်ဘရော့တို့ အိမ်ကွင်း၌ပင် ဂိုးပြတ်ရှုံးခဲ့သဖြင့် မစ်ဒယ်ဘရော့နည်းပြ ဆောက်ဂိတ် အံ့အားသင့်ခဲ့ရသည်။ ပို့စ်မောက်တို့က ပွဲစတင်သည်နှင့် တိုက်စစ်ကိုလျင်လျင်မြန်မြန်ဖွင့်ပြီး ကစားခဲ့ရာ ပွဲချိန် ခုနစ်မိနစ်မှာပင် ကနူးကတစ်ဂိုး၊ မိနစ် ၅၀တွင် အမ်ဝါဂူဝါရီကတစ်ဂိုး၊ ၅၇မိနစ်တွင် ကနူးက တစ်ဂိုးနှင့် ပွဲချိန်မိနစ် ၉၀တွင် တိုဒိုရော့က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပို့စ်မောက်တို့ လေးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ဝါးခယ်မမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားနှင့် ရေဒီယို ကက်ဆက်များလှူဒါန်း တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်အောင်မြင်မှုဂုဏ်ပြု

ဝါးခယ်မ ဩဂုတ် ၂၆

**ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်များ၊ ပရဟိတဂေဟာ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် တိုင်းရင်းဆေးခန်းသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းငွေ၊ မြို့နယ်မှ စေတနာရှင် အလှူရှင်များ၏ အလှူငွေများ စုပေါင်းလှူဒါန်းပွဲနှင့် ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ထူးချွန်စွာ သင်ကြားပေးခဲ့သော ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက်က ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမဆောင်၌ ကျင်းပသည်။**

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွင့်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းရွှေတို့က အမှာစကား ပြောကြားကြသည်။



**ပေးအပ်**

ထို့နောက် ကျေးရွာစာကြည့်တိုက်များအနက် စံပြစာကြည့်တိုက် ခြောက်တိုက် သို့ ၂၁လက်မ ရုပ်မြင်သံကြားပြစက် ခြောက်လုံးနှင့် ကျန်စာကြည့်တိုက် ၅၀သို့ ရေဒီယိုကက်ဆက်အလုံး ၅၀ကိုလည်းကောင်း၊ ပရဟိတဂေဟာ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းနှင့် တိုင်းရင်းဆေးခန်းသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေနှင့် မြို့နယ်အတွင်းရှိစေတနာရှင် အလှူရှင်များက ပါဝင်လှူဒါန်းငွေ ကျပ်၅၄သိန်းကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦးအား ရွှေဆွဲပြားနှင့် ဆုတံဆိပ်ကို ခရိုင်ဥက္ကဋ္ဌ **(အပေါ်ယာပုံ)**နှင့် တစ်ဘာသာမှ လေးဘာသာအထိရရှိကြသည့် ဂုဏ်ထူးရှင် ၆၁ဦး အပါအဝင် ထူးချွန်စွာ သင်ကြားပေးကြသော ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများအား ဂုဏ်ပြုငွေနှင့် ဆုတံဆိပ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ဝါးခယ်မမြို့နယ်အတွင်းရှိ ကျောင်းပေါင်း၃၀သို့တန်ဖိုးငွေ ကျပ် ၁၀၆ သိန်းကျော်ဖိုးရှိ စာသင်ခုံပေါင်း ၇၁၂ ခုံကို မြို့နယ်ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# သစ်ခွနှင့် ပိန်းပန်း စိုက်ပျိုးပြုစုနည်းသင်တန်း တောင်ကြီးမြို့နယ်တွင်ဖွင့်၊ စာတွေ့လက်တွေ့သင်ကြားပေး

တောင်ကြီး ဩဂုတ် ၂၅

**ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော သစ်ခွနှင့် ပိန်းပန်း စိုက်ပျိုးပြုစုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင်ကျင်းပရာ ပြည်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကားပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။**

အစီအစဉ်အရ တောင်ကြီးမြို့ သစ်တောရပ်ကွက် သစ်ခွနှင့် ပိန်းပန်း စိုက်ပျိုးရေး လုပ်ငန်း ကျွမ်းကျင်သူ ပညာရှင် ဦးဉာဏ်ထွန်းက သစ်ခွ၊ ပိန်းပန်း စိုက်ပျိုးပြုစုနည်းများကို စာတွေ့၊ လက်တွေ့သရုပ်ပြဟောပြော သင်ကြားပေးရာ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်တို့က သင်တန်းနည်းပြအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပြီးစာတွေ့၊ လက်တွေ့သင်တန်း ပို့ချနေမှုကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

သင်တန်းသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ သင်တန်းသူ ၁၆၄ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

# ချောင်းဦး ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး



**ချောင်းဦး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၁၆ရက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစောလှထွန်း၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ညွန့်ညွန့်ရွှေနှင့် ချောင်းဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အမှာစကားပြောကြားကြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မထူးပို့ပို့ဝေ၊ လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်အေးချမ်းအောင်နှင့် မမြင့်မြင့်မော်တို့အားခရိုင်အလုပ်အမှုဆောင် ဒေါ်ညွန့်ညွန့်ရွှေနှင့် မြို့နယ်အလုပ်အမှုဆောင် ဦးသိန်းတန် **(အပေါ်ပုံ)** တို့က ပေးအပ်ချီးမြှင့်သည်။

**(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

# ခရိုင်အဆင့် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား သံတွဲတွင်ကျင်းပ

သံတွဲ ဩဂုတ် ၂၀

**သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ခရိုင်အဆင့် ၂၀၀၆ခုနှစ်မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ်၁၅ရက် နံနက်၈နာရီက သံတွဲမြို့နယ် မြို့ပြင်ကျေးရွာအနီး လယ်ကွင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဒေသခံ တောင်သူလယ်သမားများ ပြိုင်ပွဲဝင်ကောက်စိုက်လုံမေများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးကျော်မြင့်က အမှာစကား ပြောကြားပြီး သံတွဲမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ရွှေက ပြိုင်ပွဲစည်းမျဉ်းနှင့်အမှတ်ပေးစနစ်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲကို ကျင်းပရာ ပထမဆုရ သံတွဲ မြို့နယ်အသင်းအား သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးကျော်မြင့်က လည်းကောင်း၊ ဒုတိယဆုရ ကျိန္တလီအသင်းနှင့် တတိယဆုရ မအီအသင်းတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းက လည်းကောင်း၊ နှစ်သိမ့်ဆုရ တောင်ကုတ်၊ ဂွမြို့နယ်အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ကိုယ်ဝန်ဆောင်မိခင် သိကောင်းစရာ ပညာပေးဟောပြော

**နွားထိုးကြီး ဩဂုတ် ၁၅**

နွားထိုးကြီး မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူး ကျင်းပသော ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၇ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**ပညာပေးဟောပြော**

အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုးက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေး ဆရာဝန် ဒေါက်တာစန်းစန်းဝင်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါ်ဥမ္မာခိုင်က မိခင်နို့ တိုက်ကျွေး၊ ပြည့်ရင်သွေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဘဏ္ဍာရေးမှူး ဒေါ်မြလေးက အာဟာရမျှတစေရန် အစာအုပ်စု(၃)အုပ်စု အကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။ **(၂၁၃)**

# ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

**ဇူလိုင် ၂၀ရက်က ညောင်ဦး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများစုပေါင်း၍ ညောင်ဦး-ငါ့သရောက် လမ်းဘေး ဝဲယာမြေလွတ်များ အနော်ရထာလမ်းဘေး ဝဲယာနေရာများနှင့် အဖွဲ့ပိုင် မြေလွတ်များတွင် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးကြစဉ်။**

**(မြို့နယ်စည်ပင်)**



# မိုးစပါးတင်း၁၀၀ထွက်ရှိရေး ပျဉ်းမနားတွင် ဆောင်ရွက်

**ပျဉ်းမနား ဩဂုတ် ၂၅**

ပျဉ်းမနားမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှမိုးစပါးတင်း ၁၀၀ထွက်ရှိရေးအတွက် ပေါင်းလိုက်၊ တမန်းနှိုး၊ စုပေါင်းမြေသြဇာကြဲပက်ပွဲကို ဩဂုတ် ၁၉ရက်နံနက်၇နာရီက ပျဉ်းမနားဟောင်းကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ အနီးရှိ ကွင်းအမှတ် (၁၆၇၃)၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့မှ မိုးစပါးတင်း၁၀၀ထွက်ရှိရေးအတွက်ကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် တောင်သူလယ်သမားများ စုပေါင်း၍ စပါးစိုက်ကွင်းအတွင်း ပေါင်းရှင်းခြင်း၊ သဘာဝဓာတ်မြေသြဇာနှင့် မြေသြဇာရောစပ်၍ ကြဲပက်ခြင်း၊ အီးအမ်ဖျော်ရည်ထည့် သွင်းခြင်း စသည့် နည်းပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

(၁၀၁)





**ဗိုလ်မှူးကြီးတင်ကြီး(ငြိမ်း) လေးနှစ်ပြည့်အား ရည်စူး၍ ဇနီး ဆရာမကြီး ဒေါ်ခင်နွဲ့နွဲ့မိသားစုက ကျားကူးကျောင်းတိုက် အတွင်းရှိ သီရိမင်္ဂလာကျောင်းတော်ကြီး လှေကားဆောင်နှင့် အမိုးပြုပြင်ရန် ငွေကျပ် ငါးသိန်း လှူဒါန်းစဉ်။** (က-ပ)

# မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**မကွေး ဩဂုတ် ၁၀**

မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ရက်က မကွေးမြို့ ကမ်းနားလမ်း ကျောက်သားဥယျာဉ်အနီး ဧရာဝတီမြစ်ကမ်းဘေး၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေထံသို့ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်အောင်က ငါးသားပေါက်များလွှဲပြောင်းပေးအပ်ပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ငါးသားပေါက်များကို ဧရာဝတီမြစ်အတွင်းသို့ စိုက်ထည့်ပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ငါးသားပေါက်များကို ဧရာဝတီမြစ်အတွင်းသို့ ဆက်လက်စိုက်ထည့်ပေးကြသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမှုန်သိန်း ၁၂၀၊ ငါးသန်သုံးသိန်း စုစုပေါင်း ၁၂၃သိန်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# ရွှေကျင်မြို့နယ်တွင် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရွှေကျင် ဩဂုတ် ၂၀**

ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏စီမံဆောင်ရွက်မှုဖြင့် မြို့နယ်ဝန်ထမ်းပေါင်းစုံလူမှုရေးကူညီမှုအဖွဲ့က အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားများ၊ ဂုဏ်ထူးနှင့် အောင်ချက်ရာခိုင်နှုန်း တိုးမြှင့်အောင် ဆောင်ရွက်ခဲ့သည့် ကျောင်းများနှင့် စေတနာ့ကျောင်းများအား ပညာသင်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ထမ်းသားသမီး ၆၉ဦး၊ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ၁၂ဦး၊ ဆရာ ဆရာမ ၁၃ဦး၊ ဂုဏ်ထူးရနှင့် အောင်ချက်ရာနှုန်းမြင့်မားအောင် ဆောင်ရွက်ခဲ့သည့်ကျောင်းများ၊ စေတနာ့ကျောင်းများအတွက် စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ် တစ်ဆယ့်သုံးသိန်းတစ်သောင်းတစ်ထောင် ကို တာဝန်ရှိသူများအား ပေးအပ်ရာ ဆုရသူများက လက်ခံယူကြသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



# စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး သထုံတွင် ရှေ့လုပ်ငန်းများဆွေးနွေး

**ကျိုက်ထို ဩဂုတ် ၂၂**

သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွှန့်နှင့် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့်အဖွဲ့သည် ဩဂုတ် ၁၃ရက် နံနက်၉နာရီက ကျိုက်ထိုမြို့နယ် ကော့ဘိန်းစံပြကျေးရွာတွင်ဆောက်လုပ်လျက်ရှိသည့် ပညာပျိုးခင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ဆွေးနွေးတင်ပြ

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွှန့်က ရှေ့လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ် ဦးစီးမှူး ဒေါ်ခင်စောလင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဖြူနှင့် အဖွဲ့ဝင်များ၊ ပညာပျိုးခင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝမ်ကြည်နှင့် အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူနိုင်ရေးတို့အတွက် ဆွေးနွေးတင်ပြကြသည်။

## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး

ဆက်လက်၍ ကျွန်းတောကျေးရွာ ပညာတံခွန်စာကြည့်တိုက်နှင့် သံတံတား ကျေးရွာစာပေဥယျာဉ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ သွားရောက်၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# မိုင်းဖြတ် ပြန်/ ဆက် ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

မိုးဖြတ် ဩဂုတ် ၈

**မိုင်းဖြတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက်ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲကို ဇူလိုင်၃၁ရက် နံနက်က မိုင်းဖြတ်ခရိုင်ရုံး၌ ကျင်းပသည်။** (အောက်ဝဲ ပုံ)

## အမှာစကားပြောကြား

ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်တို့ကအဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကာလမှာ နှစ်ပတ်ဖြစ်ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်နှင့် မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဦးတို့က သင်တန်းပို့ချလေ့ကျင့်ပေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော သီးကုန်း ကျေးရွာ အဝင်လမ်း အရှည် ပေ၂၀၀၀၊အကျယ် ၁၂ပေ ကျောက်ချော လမ်းခင်းခြင်းကို ဩဂုတ် ၁၂ရက်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**(တော်သလင်းလဆန်း ၉ ရက်)**
**၃၁-၈-၂၀၀၆**
**(ကြာသပတေးနေ့)**

## နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

## နေ့လယ်ပိုင်း

- ၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ
  - အခြေခံပညာအဆင့်-(၅-၁၀) (အမျိုးသမီး) (ခေတ်ဟောင်း/ကာလပေါ်)
  - (၁) သတိရစရာလေးများ- အေဝမ်းတင်တင်လှ
  - (၂) ဂေါတမမြတ်ဘုရားဂုဏ်- တင်တင်မြ
  - (၃) မယ်ရွှေးလို့ဆင်ပါ့မယ်- ထား
- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မန္တလေးက မန္တလေးဖိနပ်)
- ၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) သုတ်သုံးကျမ်း (ဦးသော်ဇင်)
  - (၂) သဒ္ဒါလက်ဆောင် စာလက်ဆောင် (ဆရာဦးသိန်းလွင်)
- ၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (မြို့ပြတို့ကို အဖတ်ဆယ်ခြင်း - ပထမပိုင်း၊ မောင်ဆုရှင်)
- ၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (လက်ပံပွင့်နဲ့ ဘူးသီးချဉ်ရည် ဝက်သားထောင်းဟင်း)

## ညနေပိုင်း

- ၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ
- ၁၇း၄၀ ကိုယ့်စိတ်ကြိုက်ရွေးနှစ်သက်တေး
  - (၁) ပင်မြက်ကလေး
  - (၂) ငယ်ကချစ်တော့ မမေ့သာ
  - (၃) မိုးရိပ်ညှိသည်
- ၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
  - (၁) ဘယ်ယောကျ်ားမှ စကားမပြောနဲ့
  - (၂) ဘယ်ယောကျ်ားမှ စကားမပြောဘူး
- ၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English
- ၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အသက်ထက် အလွန်)
- ၁၉း၄၀ ဟန်မျိုးစုံညီတေးကိုသီ (တိမ်လွှာမို့မို့လွင်)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) မွှေးလွန်းသည့်ပန်း
  - (၂) ချစ်တာပဓာန
  - (၃) မေတ္တာမီးအိမ်

# လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ပညာတတ်လူငယ်များပေါ်ထွန်းရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းရေး အဓိကလိုအပ်ချက်ဖြစ် အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်သူများ ပေါ်ပေါက်လာရန် ကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် အမ်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် အမ်းမြို့ နယ်မြေခံတပ်နယ် အမ်းတောင်ခန်းမသို့ ရောက်ရှိပြီး နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံသည်။

**ကွက်လပ်မကျန်စိုက်ပျိုး**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလုပ်ဆောင်ရေး၊ ဇီဝဒီဇယ်ဆီရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို မြေကွက်လပ်မကျန် စိုက်ပျိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး မှာကြားပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **စာမျက်နှာ ၈ ကော်လံ ၁** ■



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရခိုင်ပြည်နယ် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးမြို့နယ်ဆုရရှိသော မြို့နယ်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် Singapore Army Half Marathon-2006ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရ မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အောင်ပွဲရမြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်၊ ဂုဏ်ပြုအမှာစကားပြောကြား

**ရန်ကုန် ဩဂုတ် ၂၉**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် Singapore Army Half Marathon-2006 ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရ မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။ **စာမျက်နှာ ၁၂ ကော်လံ ၅** ●

# ကျန်းမာသန်စွမ်းသော ကလေးများ ဖြစ်လာရေး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ကြီးကြပ် အခြေခံပညာကျောင်းများကို စင်(၃)စင်ကျောင်းများအဖြစ်သတ်မှတ်

**အမှိုက်ကင်းစင်၊ ခြင်ကျား ကင်းစင်၊ ဆေးလိပ်ကင်းစင်သည့် ကျောင်းဆိုင်းဘုတ်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း စက်ခလုတ်နှိပ်၍ ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။**

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

သတင်းမြင်ကွင်း - မြင့်မောင်စိုး
ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး၍ နှစ်စဉ်နှစ်တိုင်း ဩဂုတ်လတွင် ကျောင်းကျန်းမာရေး လှုပ်ရှားမှုအဖြစ် ကျင်းပလျက်ရှိသည်။

**တိုးတက်လာ**

ကျောင်းကျန်းမာရေး အခြေခံလုပ်ငန်းများ တိုးတက်လာ၍ ကျောင်းသူကျောင်းသားများ၏ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်များ တိုးတက်လာသည်။ **စာမျက်နှာ ၇ ကော်လံ ၁** *






30-8 (20) 1 8/30/06, 1:42 AM